# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ - ၇၈)


၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၂၈ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ်(၂၆၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ရှိ Minsk Tractor Works ထွန်စက်စက်ရုံနှင့် Slutsk Cheese Factory နို့မှုန့်စက်ရုံတို့သို့ သွားရောက်လေ့လာ

## မြန်မာနိုင်ငံ၏ စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ကိရိယာများ၊ ယာဉ်ယန္တရားများ ထုတ်လုပ်ရေးတွင် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၇**

ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မင့်စ်မြို့ရှိ Minsk Tractor Works ထွန်စက်စက်ရုံနှင့် Slutsk Cheese Factory နို့မှုန့်စက်ရုံတို့သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Minsk Tractor Works ထွန်စက်စက်ရုံသို့ရောက်ရှိကြရာ ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာနဝန်ကြီး Mr. Efimov A.V. နှင့် စက်ရုံညွှန်ကြားရေးမှူးချုပ် Mr. Avramenko S.A. တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘယ်လာရုစ်နိုင်ငံမှ ထုတ်လုပ်သည့် စိုက်ပျိုးရေးလုပ်ငန်းသုံး လယ်ယာမြေပြုပြင်ထွန်ယက်ရာတွင် အသုံးပြုသည့်


*စာမျက်နှာ ၃ ကော်လံ ၁ ✱*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ရှိ Minsk Tractor Works ထွန်စက်စက်ရုံ၌ ကြည့်ရှုလေ့လာစဉ်။


**ယနေ့ ဖတ်စရာ**

နယုန်လ စာအလင်္ကာများ — စာ ၁၀

"ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့" သုံးသပ်ဆွေးနွေးပွဲ ငြိမ်းချမ်းရေး ဖိုရမ် - Peace Forum 2025 ဆက်လက်ကျင်းပ — စာ ၁၁

တိုယိုတာမော်တော်ယာဉ်ကုမ္ပဏီ၏ ကမ္ဘာ့ရောင်းအား မေလတွင် စံချိန်တင် — စာ ၁၄





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင့်စ်မြို့ရှိ Minsk Tractor Works ထွန်စက်စက်ရုံအတွင်း ထွန်စက်များ တပ်ဆင်ထုတ်လုပ်နေမှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။

*** ရှေ့ဖုံးမှ**

ယာဉ်များ၊ စိုက်ပျိုးရာတွင် အသုံးပြုသည့်ယာဉ်များ၊ ပြုစုပျိုးထောင်ခြင်းနှင့်သွင်းအားစုများ ထည့်သွင်းရာတွင်အသုံးပြုသည့်ယာဉ်များ၊ မမျှော်မှန်းနိုင်သည့် သဘာဝဘေးကျရောက်မှုနှင့် မီးငြိမ်းသတ်မှုတို့တွင် အသုံးပြုသည့်ယာဉ်များ၊ စိုက်ပျိုးရေး ထွက်ကုန်များအား ဈေးကွက်အတွင်းသို့ ပို့ဆောင်ဖြန့်ချိရာတွင် အသုံးပြုသည့်ယာဉ်များနှင့် ယန္တရားများကို စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

**ထွန်စက်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Minsk Tractor Works ထွန်စက်စက်ရုံအတွင်း ထွန်စက်များ တပ်ဆင်ထုတ်လုပ်နေမှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စက်ရုံအစည်းအဝေးခန်းမအတွင်းတွေ့ဆုံ၍ ဘယ်လာရုစ်နိုင်ငံ စက်မှုဝန်ကြီးဌာနအောက်ရှိ အကြီးစားစက်မှုပစ္စည်းထုတ်စက်ရုံ၊ အလုပ်ရုံများမှ စိုက်ပျိုးရေး လုပ်ငန်းသုံးစက်ကိရိယာများ၊ ယာဉ်ယန္တရားများ ထုတ်လုပ်လျက်ရှိမှုနှင့် ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချရလျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းသုံးစက်ကိရိယာများ၊ ယာဉ်ယန္တရားများထုတ်လုပ်ရေးတွင် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးမှုအပြီးတွင်နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် Minsk Tractor Works ထွန်စက်စက်ရုံ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံပြခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာနဝန်ကြီး၊ စက်ရုံညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့သည်။

*စာမျက်နှာ ၄ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့်အဖွဲ့ဝင်များနှင့် စက်ရုံအစည်းအဝေးခန်းမအတွင်း တွေ့ဆုံဆွေးနွေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ Slutsk Cheese Factory နို့မှုန့်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များအား Slutsk Cheese Factory နို့မှုန့်စက်ရုံအစည်းအဝေးခန်းမ၌ ထုတ်လုပ်မှုဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က စက်ရုံဆိုင်ရာအချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး စက်ရုံဆိုင်ရာ Video Clip ကို ပြသစဉ်။

- **Slutsk ချိစ်နှင့် နို့ချက်စက်ရုံသည် နှစ်ပေါင်း ၄၀ ကျော်ကြာ ရပ်တည်နိုင်ခဲ့ပြီး Minsk မြို့သာမက ဘယ်လာရုစ်နိုင်ငံ၏အကြီးမားဆုံးသော နို့ချက်စက်ရုံတစ်ခုဖြစ်**
- **အဆိုပါစက်ရုံမှ တစ်ရက်လျှင် နွားနို့တန်ချိန် ၂၅၀၊ နို့မှုန့်တန် ၁၅၀၊ နို့ထွက်ပစ္စည်း တန်ချိန် ၃၀၀၀၊ ထောပတ် တန် ၁၀၀ နှင့် ချိစ်တန် ၁၀၀ တို့ထွက်ရှိပြီး နိုင်ငံပေါင်း ၂၄ နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိ**

*စာမျက်နှာ ၃ မှ*

အဆိုပါ Minsk Tractor Works ထွန်စက်စက်ရုံကို ၁၉၄၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်းသုံး ထွန်စက်များထုတ်လုပ်သည့်စက်ရုံတစ်ခုဖြစ်ကြောင်း၊ ဝန်ထမ်းပေါင်း ၁၅၃၇၇ ဦးခန့်ရှိသည့် စက်ရုံတစ်ခုဖြစ်ကာ ဘယ်လာရုစ်နိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်းသုံး ထွန်စက်များ ထုတ်လုပ်သည့်စက်ရုံများအနက် အဓိက အရေးပါသော စက်ရုံတစ်ခုဖြစ်ပြီး စက်ရုံမှ ထုတ်လုပ်သည့်ထွန်စက်များ ကို အနောက်ဥရောပနိုင်ငံများ အပါအဝင် အာဆီယံနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Slutsk Cheese Factory နို့မှုန့်စက်ရုံသို့ရောက်ရှိကြရာ ထုတ်လုပ်မှုဆိုင်ရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Vitaly Gennad–yevich Zlobin ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs. Ekaterina Sergeyevna Lapteva နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

**ပြန်လည်မေးမြန်းဆွေးနွေး**

ယင်းနောက် စက်ရုံအစည်းအဝေးခန်းမတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ထုတ်လုပ်မှုဆိုင်ရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ်က စက်ရုံဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး စက်ရုံဆိုင်ရာ Video Clip ကို ပြသရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံထုတ် နို့နှင့်နို့ထွက်ပစ္စည်းများ၏ ဈေးကွက်ရရှိမှု အခြေအနေများ၊ အရည်အသွေး ထိန်းသိမ်းခြင်းဆိုင်ရာများနှင့်ပတ်သက်၍ သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထုတ်လုပ်မှုဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

**တင်ပို့ရောင်းချ**

အဆိုပါ Slutsk ချိစ်နှင့် နို့ချက်စက်ရုံသည် နှစ်ပေါင်း ၄၀ ကျော်ကြာ ရပ်တည်နိုင်ခဲ့ပြီး Minsk မြို့သာမက ဘယ်လာရုစ်နိုင်ငံ၏ အကြီးမားဆုံးသော နို့ချက်စက်ရုံတစ်ခုဖြစ်ကြောင်း၊ ပင်မကုမ္ပဏီကြီး တစ်ခု၊ ရုံးခွဲ ငါးခု၊ ထုတ်လုပ်မှုစက်ရုံငါးရုံနှင့် စိုက်ပျိုးရေး မွေးမြူရေးခြံ သုံးခုတို့ဖြင့် လည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း၊ အဆိုပါစက်ရုံမှ တစ်ရက်လျှင် နွားနို့တန်ချိန် ၂၅၀၊ နို့မှုန့်တန် ၁၅၀၊ နို့ထွက်ပစ္စည်း တန်ချိန် ၃၀၀၀၊ ထောပတ် တန် ၁၀၀ နှင့် ချိစ်တန် ၁၀၀ တို့ထွက်ရှိပြီး နိုင်ငံပေါင်း ၂၄ နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအမျိုးသမီးများနေ့ အကြိုလှုပ်ရှားမှု အခမ်းအနားနှင့် နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၇**

မြန်မာနိုင်ငံ အမျိုးသမီးများနေ့ အကြိုလှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကောင်စီဝင်များ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးကော်မတီဥက္ကဋ္ဌများနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နေပြည်တော် လူမှုဝန်ထမ်းရုံးမှ တာဝန်ရှိသူတစ်ဦးက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြ၍ အမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စာရေးဆရာမသက်သက်နွယ် (ရန်ကုန်တက္ကသိုလ်) က ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုခေါင်းစဉ်ဖြင့် ဟောပြောသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စာရေးဆရာမ သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)၊ အမျိုးသမီးငယ်ရွယ်သူ ဆင်ယင်ထုံးဖွဲ့မှုသရုပ်ပြတင်ဆက်သော အဖွဲ့နှင့် ကောက်စိုက်ချိန်သီချင်းဖြင့် တေးသရုပ်ဖော်တင်ဆက်ကပြခဲ့သည့် အဖွဲ့များကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြပြီး ပြသထားသည့် နေပြည်တော်အမျိုးသမီးကော်မတီ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် နေပြည်တော်၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေး အပြီးတွင် ဥတ္တရသီရိဆေးရုံ(ပင်လုံ)၊ အေးချမ်းသာဟိုတယ်၊ ကျောက်စိမ်းမြို့တော်ဟိုတယ်နှင့် ဂရိတ်ဝေါ(လ်) ဟိုတယ်များတွင် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား ဖယ်ရှားရှင်းလင်းနေမှု၊ ဥတ္တရသီရိရေလှောင်တမံတွင် ယာယီရေတားတမံ တည်ဆောက်နေမှု၊ ရေထုတ်ပွန် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် အရေးပေါ်ရေပိုလွှဲဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြောင်း သိရသည်။

**ခရိုင်**

**(ပြန်/ဆက်)**


**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko နှင့် တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည့်အခြေအနေများ အမြင်ချင်းဖလှယ်

**နေပြည်တော် ဇွန် ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko နှင့် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ သမ္မတနန်းတော်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။


ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရာ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ ဘယ်လာရုစ်အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ကြသည်။

### နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး

တွေ့ဆုံဆွေးနွေးရာတွင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ က အဆွေတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ယခုကဲ့သို့ ထပ်မံတွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ယခုအကြိမ်တွေ့ဆုံမှုတွင် ယခင်က တွေ့ဆုံဆွေးနွေးမှုများတွင် ဆက်လက်ဆွေးနွေးရန်ကျန်ရှိသည်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနှင့် ဘယ်လာရုစ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားရန် အထူးစိတ်ဝင်စားမှုရှိပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လမ်းညွှန်ချက်မြေပုံ(Action Plan)ကို နည်းဗျူဟာ၊ မဟာဗျူဟာကျကျ ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးတွင် နိုင်ငံရေး၊ ကျန်းမာရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခန်းကဏ္ဍတို့တွင်သာမက စီးပွားရေးအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန်လည်း မိမိအနေဖြင့် ဆန္ဒရှိကြောင်းကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံတွင် ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်သွားရန် ဘယ်လာရုစ်နိုင်ငံအနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားပြီး ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးက ဘယ်လာရုစ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်လျက်ရှိသည့်အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့ စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ် (Eurasian Economic Forum 2025-EEF 2025)အား အိမ်ရှင်အဖြစ်ကျင်းပနေချိန် လုပ်ငန်းတာဝန်များ များပြားသည့်ကြားမှ လက်ခံတွေ့ဆုံဆွေးနွေးရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ်တွင် ဘယ်လာရုစ်နိုင်ငံအနေဖြင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များ အမြန်ဆုံးစေလွှတ်ပေးပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ခြင်းနှင့် လိုအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပံ့ပိုးပေးခဲ့သည့်အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိသည်ကို မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများကိုယ်စား ထပ်လောင်းပြောကြားလိုပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko က ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ် (Eurasian Economic Forum 2025 – EEF 2025) သို့ တက်ရောက်ရသည့်အတွက် မြန်မာနိုင်ငံနှင့် (EAEU) အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများစွာကိုလည်း ရရှိခဲ့ကြောင်း၊ မြန်မာနှင့် ဘယ်လာရုစ်နှစ်နိုင်ငံအကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်ပေါင်းစုံ ရှိနေပြီး ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့်လည်း ဘယ်လာရုစ်နိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း စက်ရုံ၊ အလုပ်ရုံများကို သွားရောက်လေ့လာခဲ့ကာ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်နိုင်ရန် ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတို့သည် နှစ်နိုင်ငံအကြားရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

### နေ့လယ်စာ အတူတကွသုံးဆောင်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတို့သည် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ် (Eurasian Economic Forum 2025 – EEF 2025) သို့ တက်ရောက်လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၊ ကာဇက်စတန်နိုင်ငံသမ္မတ၊ ကာဂျစ်စတန်နိုင်ငံသမ္မတ၊ ဥရောပ-အာရှ စီးပွားရေးကော်မရှင်(EEC) ဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ EAEU Observers နိုင်ငံဖြစ်သည့် ဥဇဘက်ကစ္စတန်နိုင်ငံသမ္မတ၊ ဖိတ်ကြားထားသည့် နိုင်ငံများဖြစ်ကြသည့် မွန်ဂိုလီးယားနိုင်ငံ၊ ယူအေအီးနိုင်ငံတို့မှ အစိုးရအဖွဲ့အကြီးအကဲ ကိုယ်စားလှယ်များနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံရှိ ပညာတော်သင် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံရှိ ပညာတော်သင် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၇

**ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့ ညနေပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံရှိ ပညာတော်သင် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားသည်။**

အဆိုပါ တွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံရှိ ပညာတော်သင် သင်တန်းသားအရာရှိများ တက်ရောက်ကြသည်။

**စဉ်ဆက်မပြတ်လေ့လာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပြည်ပနိုင်ငံများသို့ ပညာတော်သင် သင်တန်းသားများ စေလွှတ်ပေးလျက်ရှိပြီး အနာဂတ်နိုင်ငံတော်ကိုတည်ဆောက်ရာတွင် လူသားအရင်းအမြစ်ကောင်းများရရှိစေရေးအတွက် ရည်ရွယ်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံတွင် ပညာတော်သင်များအဖြစ် စိစစ်ရွေးချယ်စေလွှတ်ခံကြရသူများဖြစ်သဖြင့် မိမိကိုယ်ကိုတန်ဖိုးထားကြရန်၊ မိမိကိုယ်တိုင်နှင့် နိုင်ငံတော်အတွက် ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ဦးချင်းစီသင်ကြားရသည့် သက်ဆိုင်ရာဘာသာရပ်များအလိုက် ပိုင်နိုင်ကျွမ်းကျင်စွာ တတ်မြောက်နားလည်နိုင်ရေး ကြိုးပမ်းသွားရန်လိုသကဲ့သို့ ပြောင်းလဲတိုးတက်နေသည့် နည်းပညာများကိုလည်း စဉ်ဆက်မပြတ် လေ့လာအားထုတ်သွားကြရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပညာတော်သင် သင်တန်းသားအရာရှိများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ဘဝတိုးတက်အောင်ဆောင်ရွက်**

တပ်မတော်သားများသည် အခြေခံအားဖြင့် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြသူများဖြစ်ကြကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိကိုယ်ကိုတန်ဖိုးထားပြီး မိမိတို့ဘဝတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်ကာ ကြိုးစားအားထုတ်နေထိုင်သွားလာခြင်းဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် ရွေးကောက်ပွဲ မဲမသမာမှုများကြောင့် ၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်အား တာဝန်ယူဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ လွှတ်တော်ခေါ်ယူဆောင်ရွက်ခြင်းသည် နိုင်ငံရေးအရအကောင်းဆုံးဖြေရှင်းခြင်းပင်ဖြစ်ကြောင်း၊ လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မကြာမီကျင်းပသွားမည်ဖြစ်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီကို တန်ဖိုးထားသူများအနေဖြင့် ဆန္ဒမဲပေးရာတွင်ပါဝင်လာကြမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းသားအရာရှိများအနေဖြင့် နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် နိုင်ငံရေးဖြစ်စဉ်ဖြစ်ရပ်များကို မှန်မှန်ကန်ကန်သိရှိနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့်မှာကြားပြီး နိုင်ငံတော်၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပညာတော်သင် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေး ပထမနေ့ ကျင်းပ

ရန်ကုန် ဇွန် ၂၇

**နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။**



နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေး ပထမနေ့တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ၊ သန်လျင်မြို့ မင်းကျောင်းပထမ ပြန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူး များ တက်ရောက်ကြည်ညိုကြ သည်။

အစည်းအဝေး မစတင်မီ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး က နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူး ပြုသော နိုင်ငံတော်သံဃမဟာ နာယက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း သည်။

အစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ က သဘာပတိအဖြစ် ဆောင်ရွက် တော်မူပြီး တွဲဖက်အကျိုးတော် ဆောင် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဇောတိ သာရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာ တော်က အစည်းအဝေးစတင် ကြောင်းနှင့် ကြွရောက်တော်မူ လာကြသော နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်ကြီး များ၏အရေအတွက်ကို ဖတ်ကြား လျှောက်ထားပြီး အစည်းအဝေး အထမြောက် အောင်မြင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော် မူသည်။ **(သာရဏီယ ဩဝါဒ ကထာကို စာမျက်နှာ ၈ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦး လွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ယခု အစည်းအဝေးသည် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ တာဝန်ကျ(ဒုတိယအဖွဲ့ခွဲ)၏ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ဆောင်ရွက်ချက်များ အစီရင်ခံတင်ပြခြင်း၊ အဆုံး အဖြတ်ခံယူခြင်းများ ဆောင်ရွက် သော အစည်းအဝေးဖြစ်သည်ဟု သိရှိရပါကြောင်း၊ အသစ်ဖွဲ့စည်း တာဝန်ပေးအပ်ထားသော နိုင်ငံ တော် သံဃမဟာနာယကအဖွဲ့ အနေဖြင့် အဖွဲ့ဝင်အသစ်၊ အတွေး အမြင်သစ်၊ အယူအဆသစ်များကို ထေရဝါဒဓမ္မဝိနယများနှင့် လည်း ကောင်း၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ် နည်း၊ လက်စွဲ၊ သံဃာ့အဖွဲ့အစည်း ဆိုင်ရာဥပဒေ၊ ဝိနည်းဓမ္မကံအဓိ ကရဏ်းမှုခင်းများ ဖြေရှင်းဆုံး ဖြတ်ရေးဆိုင်ရာ ဥပဒေများနှင့် ဆန့်ကျင်သွေဖည်မှု မရှိစေဘဲ ဆုံးဖြတ်ဆောင်ရွက်၍ သံဃာ့အဖွဲ့ အစည်းကြီးကို ထိန်းကျောင်းသွား မည်ဟု အလေးအနက်ယုံကြည်ပါ ကြောင်း လျှောက်ထားသည်။

ယင်းနောက် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၊ ဒုတိယအဖွဲ့ခွဲ၏ ပထမ အကြိမ် တာဝန်ကျရာကာလ အတွင်း ဆောင်ရွက်ချက်အစီရင် ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ ကိုယ်စား တွဲဖက်အကျိုးတော် ဆောင် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဒွိပိဋကဓရ ဝိဒူ ကတ္တယပါရဂူ ဘဒ္ဒန္တသိရိကဥ္စနာ ဘိဝံသက တင်သွင်းလျှောက်ထား ပြီး နဝမအကြိမ် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၊ ဒုတိယအဖွဲ့ ခွဲ၏ ပထမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယ ရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကေသဝက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက် ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုမနာဘိဝံသက လည်း ကောင်း၊ ပညာရေးရာ ဆောင်ရွက် ချက်များအပေါ် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တဝေပုလ္လာဘိဝံသက လည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ဆက်လက်၍ သာသနာ ရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာ တော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်း အဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်း အဝေး၊ ပထမနေ့၊ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက် ကျင်းပခဲ့ပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ ကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာ တော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်း အဝေးကို မွန်းလွဲပိုင်း၌ ရပ်နား သည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူ လာကြသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီး သန်းရွှေ(ငြိမ်း) + ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မ မိတ်ဆွေများက အရုဏ်ဆွမ်း၊ နေ့ဆွမ်း တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**



# အလုပ်သမားဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၇

၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ပိုင်းတွင် အလုပ်သမားဝန်ကြီး ဌာနစိုက်ခင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင် ရာ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြ သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး က အမှာစကားပြောကြားပြီး အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင် ရာ တာဝန်ရှိသူများနှင့်အတူ သတ်မှတ်နေရာများ၌ ရကနာ တန်းဝင်ကျွန်းပင်ကို ဦးဆောင် စိုက်ပျိုးကြပြီး အရာထမ်း၊ အမှု ထမ်းများက သတ်မှတ်နေရာများ ၌ ကျွန်း၊ ယမနေစသည့် ပျိုးပင် ပေါင်း ၈၇၃ ပင်ကို အမျိုးသားရေး လုပ်ရှားမှုအသွင်ဖြင့် စုပေါင်း စိုက်ပျိုးနေမှုကို လှည့်လည် ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံစာရင်းကောင်စီအစည်းအဝေး (၁/၂၀၂၅) ကျင်းပ

နေပြည်တော် ဇွန် ၂၇

မြန်မာနိုင်ငံစာရင်းကောင်စီအစည်းအဝေး (၁/၂၀၂၅) ကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံး ပတ္တမြားခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံစာရင်းကောင်စီ ဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ဒေါ်ခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦး၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်၊ ကောင်စီအဖွဲ့ဝင် ၁၇ ဦးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူ များတက်ရောက်ကြပြီး ကောင်စီအဖွဲ့ဝင် ၁၃ ဦးက Virtual စနစ်ဖြင့် Online မှ တက်ရောက်ကြသည်။



အစည်းအဝေးတွင် မြန်မာနိုင်ငံစာရင်းကောင်စီ ဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ်က နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် စာရင်းကဏ္ဍ သည် အရေးပါသောကဏ္ဍမှ အထောက်အကူပြုပါဝင် လျက်ရှိပါကြောင်း၊ သို့ပါ၍ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ကဏ္ဍတို့တွင် စာရင်းပညာနှင့် စာရင်းလုပ်ငန်း နယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင် ရွက်ရာတွင် စာရင်းပညာရပ်များ ခေတ်မီတိုးတက် စေရေး၊ စာရင်းပညာရှင်များ တိုးပွားလာစေရေး၊ ကျင့်ဝတ်သိက္ခာ စောင့်ထိန်းလိုက်နာမှုမြင့်မားစေ ရေး၊ စာရင်း စံများနှင့်အညီ လိုက်နာကျင့်သုံးနိုင်စေ ရေး စသည့်ကိစ္စရပ်များကို ကဏ္ဍအလိုက် ဟန်ချက် ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ စာရင်းပညာ ဖွံ့ဖြိုးတိုးတက်စေရေး နှင့် စာရင်းလုပ်ငန်းအရည်အသွေးမြင့်မားစေရေး အတွက် ထိရောက်သည့် စာရင်းပညာသင်ကြားမှုနှင့် အလုပ်သင်လက်တွေ့ဆောင်ရွက်ခြင်းများ ဖြစ်စေ ရန်၊ စာရင်းပညာရှင်များနှင့် စာရင်းလုပ်ငန်း လုပ်ကိုင်သူများက အတတ်ပညာပိုင်းဆိုင်ရာ သတိ သမ္ပဇဉ်များ ထားရှိဆောင်ရွက်စေရန်၊ ကျင့်ဝတ် သိက္ခာစောင့်ထိန်းလိုက်နာစေရန် ထိန်းကျောင်း ကြပ်မတ်ပေးခြင်းဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ကောင်စီအဖွဲ့ဝင်များက ယခင် ကောင်စီအစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင် ရွက်ပြီးစီးမှု၊ အလုပ်အမှုဆောင်အဖွဲ့နှင့် ကော်မတီ များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေတို့ကို အစီအစဉ် အတိုင်း ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုစာရင်း စစ်ချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# ပိယ၊ ဂရု၊ ဘာဝနီယ စသော ဂုဏ်အင်္ဂါအရည်အချင်း(၇)ရပ်တို့နှင့်ပြည့်စုံအောင် ကိုယ်တိုင်လည်း ကြိုးစားအားထုတ်၍ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် ရဟန်းရှင်လူ ပြည်သူ ပြည်သားအများကိုလည်း ပြည့်စုံစေရေး တိုက်တွန်းဆုံးမနိုင်ကြရန်လို

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ

[ ၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက် (၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်) သောကြာနေ့]

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

တပည့်တော်တို့ သဗ္ဗညုတဉာဏ်ရှင် ဂေါတမဘုရားရှင်သည် ဒီပင်္ကရာမြတ်စွာဘုရားပွင့်တော်မူစဉ်က သုမေဓာရှင်ရသေ့ဘဝဖြင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူစဉ်ကပင် သာဝကပါရမီဉာဏ်ဖြင့် နိဗ္ဗာန်သောင်နန်း တစ်ဖက်ကမ်းသို့ကူးယူလျှင် ရနိုင်သော်လည်း တစ်ဦးတည်းကူးမြောက်လျှင် အကျိုးမများနိုင်၊ သဗ္ဗညုတရွှေဉာဏ်တော်ကို ရယူနိုင်ပါမှ တရားမြတ်ဒေသနာဖောင်စကြာဖြင့် သတ္တဝါဝေနေယျတို့ကို သံသရာဝဲဂယက်မှ ထုတ်ဆောင်ပြီး အမတခေမာ ကျွန်းသာယာသို့ တင်ကာပို့မည် စိတ်က ရည်၍ **“တိဏ္ဏောတာရေယျံ၊ မုတ္တော မောစေယျံ၊ ဗုဒ္ဓေါ ဗောဓေယျံ”** ဟူသော သုံးခွန်းသော စကားတို့ကို ရွေနှုတ်တော်ဖွင့် ကျူးရင့်တော်မူကာ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် လူသာမန်တို့ အလွန်တရာရှာမှီးနိုင်ခဲသော ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီးငါးပါးစသော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူလျက် သဘာဝတရားတို့၏ အဆုံးစွန်သော သဘောလက္ခဏာတို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်းငှာစွမ်းနိုင်သော “သမ္မာသမ္ဗောဓိ” ဆုကြီးကို ဆွတ်ခူးအောင်မြင်တော်မူခဲ့ပါသည်ဘုရား။

သတ္တဝါဝေနေယျတို့ အကျိုးစီးပွားဖြစ်ထွန်းဖို့ရန် ထားရစ်တော်မူခဲ့သော မြတ်စွာဘုရားရှင်၏ အဆုံးအမဒေသနာတော်တို့သည် ရှေးမဟာထေရ် အစဉ်အဆက်တို့ လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ခဲ့၍သာ တပည့်တော်တို့အနေဖြင့် ယခုလို သာသနာတော်မြတ်ကြီး၏ “သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေး” ဟူသော တာဝန်ကြီး သုံးရပ်တို့ကို ဘုန်းကံတရားကြီးမားစွာဖြင့် ထမ်းဆောင်ခွင့်ရနေကြခြင်း ဖြစ်ပါသည်ဘုရား။

ယင်းသို့ထမ်းဆောင်ကြရာ၌လည်း ရှေ့တန်းမှ မားမားရပ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွင် တာဝန်ယူထမ်းဆောင်ခွင့်ရကြခြင်းသည် ဘဝသံသရာဝယ် ကြီးကျယ်မြင့်မြတ်လှသော တာဝန်ကြီးကို ထမ်းဆောင်နေကြရခြင်းဖြစ်သည်ဟု မှတ်ယူစေလိုပါသည်ဘုရား။ ဘုရားရှင်၏ တပည့်သားသာဝက အဆက်ဆက်တို့ ခေတ်အဆက်ဆက် တာဝန်ကျေကျေထမ်းဆောင်ခဲ့ကြ၍သာ ယနေ့အချိန်ထိတိုင်အောင် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟူသော သာသနာတော်သုံးရပ်တည်ရှိနေခြင်းဖြစ်ကြောင်း လျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

ထိုသို့သဗ္ဗညုတဘုရားရှင်၏ သာသနာတော်မြတ်ကြီး နှစ်ငါးထောင်မက တည်တံ့နေစေရန် သံဃာ့အဖွဲ့အစည်းကြီးတွင် ထိပ်ဆုံးနေရာမှပါဝင်ကာ တာဝန်ယူထမ်းဆောင်နေကြသော ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များအနေဖြင့်လည်း ကိုယ်တိုင်လည်း စွမ်းအားရှိသမျှ လုံ့လကြိုးကုတ်အားထုတ်ကြသလို တပည့်တော်တို့၏ မျိုးဆက်သစ် ရှင်ငယ်၊ ရဟန်းငယ်တို့အား လိုက်နာကျင့်သုံးစေရာ၌ဖြစ်စေ၊ တပည့်ဒါယကာ၊ ဒါယိကာမတို့အား ကမ္မဋ္ဌာန်းပေးရာ၌ဖြစ်စေ အမှားအယွင်း အတိမ်းအစောင်း ကင်းစေရန်နှင့် ရှင်ငယ်၊ ရဟန်းငယ်တို့အား ထိန်းကျောင်းရာ၌ လွယ်ကူချောမွေ့စေရန် **“ပဋိပတ်မကင်းသော ပရိယတ်ဖြစ်ရန်လိုအပ်သလို ပရိယတ်မကင်းသော ပဋိပတ်ဖြစ်ရန်လည်း အထူးလိုအပ်လျက်ရှိသည်”** ဆိုသည့်အချက်ကို သတိချပ်ရမည်ဖြစ်ပါသည်ဘုရား။

ထို့အတူ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက အရှင်မြတ်တို့အနေဖြင့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် မှန်ကန်တည့်မတ်စေရန်အတွက် အပ္ပမာဒတရားလက်ကိုင်ထားကာ သတိသမ္ပဇဉ် ဉာဏ်ယှဉ်၍ ဆောင်ရွက်ရမည်ဖြစ်သည်ကိုလည်း အထူးအလေးထား လျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်အရှင်မြတ်တို့သည်–

**ပိယော ဂရု ဘာဝနီယော၊ ဝတ္တာ စ ဝစနက္ခမော။**

**ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နော စဋ္ဌာနေ နိယောဇကော** – ဟူသော အင်္ဂုတ္တရ ပါဠိတော်၊ သတ္တကနိပါတ်၊ ဒေဝတာဝဂ်၊ ဒုတိယမိတ္တသုတ်၌ လာသော ပိယ၊ ဂရု၊ ဘာဝနီယ စသော ဂုဏ်အင်္ဂါအရည်အချင်း (၇) ရပ်တို့နှင့် ပြည့်စုံအောင် ကျင့်ကြံကြိုးကုတ် အားထုတ်ဆောင်ရွက်သင့်ပါကြောင်း လျှောက်ထားလိုပါသည်ဘုရား။ ယင်းဂုဏ်အင်္ဂါ (၇) ရပ်တို့တွင်–



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ။

(၁) **ပိယဂုဏ်ဆိုသည်မှာ** သီတင်းသုံးဖော်တို့က ချစ်ခင်နှစ်လိုကြည်ညိုအပ်သော ဂုဏ်ဖြစ်ပါသည်။ ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ချစ်ခင်နှစ်လို ကြည်ညိုမှု၊ ရဟန်းရှင်လူ ပြည်သူပြည်သားများ၏ ချစ်ခင်နှစ်လို ကြည်ညိုမှုကို ခံထိုက်သောပုဂ္ဂိုလ်များ ဖြစ်စေကြရပါမည်ဘုရား။

(၂) **ဂရုဂုဏ်ဆိုသည်မှာ** သီတင်းသုံးဖော်တို့က ရိုသေလေးစားအပ်သော ဂုဏ်ဖြစ်ပါသည်ဘုရား။ ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ရိုသေလေးစားမှု၊ ရဟန်းရှင်လူ ပြည်သူပြည်သား အများစု၏ ရိုသေလေးစားမှုကို ခံထိုက်သော ဂရုဂုဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်များ ဖြစ်စေကြရပါမည်ဘုရား။

(၃) **ဘာဝနီယဂုဏ်ဆိုသည်မှာ “ဘာဝနီယောတိ အဒ္ဓါ အယမာယသ္မာ ဇာနံ ဇာနာတိ၊ ပဿံ ပဿတီတိ သမ္ဘာဝနီယော”** ဟူသော အဋ္ဌကထာအဖွင့်အရ “ဤအရှင်သည် မချွတ်ကေန် သိသင့်သည်ကို သိတတ်၊ မြင်သင့်သည်ကို မြင်တတ်ပါပေသည်” ဟု ချီးမွမ်းထိုက်သော ဂုဏ်ဖြစ်ပါသည်ဘုရား။ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များသည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် ရဟန်းရှင်လူ ပြည်သူပြည်သားအများစုက “ဤဆရာတော်များသည် ဓမ္မဝိနယနှင့် ညီ/မညီစသည့် သိမြင်သင့် သိမြင်ထိုက်သည်များကို သိမြင်တော်မူကြသည့် ဆရာတော်များ ဖြစ်ကြပါပေသည်။ သိမြင်တော်မူကြသည့်အတိုင်း ဓမ္မဝိနယနှင့်အညီ ဆောင်ရွက်တော်မူကြသော ဆရာတော်များဖြစ်ကြပါပေသည်” ဟု ချီးမွမ်းထိုက်သည့် ဘာဝနီယဂုဏ်နှင့် ပြည့်စုံစေကြရပါမည်ဘုရား။

(၄) **ဝတ္တာဂုဏ်ဆိုသည်မှာ “ဝတ္တာတိ ဝစနကုသလော”** ဟူသော အဋ္ဌကထာ အဖွင့်အရ စကားအရာ၌ လိမ္မာပါးနပ်စွာ ပြောဆိုတတ်သော ဂုဏ်ဖြစ်ပါသည်။ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၊ ရဟန်းရှင်လူ၊ ပြည်သူအများနှင့် ဆက်ဆံပြောဆိုနေကြရသော ပုဂ္ဂိုလ်များဖြစ်သည့် အားလျော်စွာ စကားပြောဆိုရာတွင် လိမ္မာပါးနပ်စွာ ပြောဆိုဆက်ဆံနိုင်သောဂုဏ်နှင့် ပြည့်စုံစေကြရပါမည်ဘုရား။

(၅) **ဝစနက္ခမဂုဏ်ဆိုသည်မှာ “ဝစနက္ခမောတိ ဝစနံ ခမတိ၊ ဒိန္နံ ဩဝါဒံ ကရောတိ”** ဟူသော အဋ္ဌကထာအဖွင့်အရ ပညာရှိသူများ၏ ပြောဆိုဆုံးမမှုကို နာခံနိုင်သည့်ဂုဏ်၊ ပြောဆိုဆုံးမဩဝါဒကို လိုက်နာပြုကျင့်နိုင်သည့်ဂုဏ် ဖြစ်ပါသည်ဘုရား။ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ အခြားဩဇာတိက္ကမရှိသော ပညာရှိဆရာတော်ကြီးများ၏ ပြောဆိုဆုံးမမှုကို ခံယူနိုင်သည့်ဂုဏ်၊ ပြောဆိုဆုံးမဩဝါဒကို လိုက်နာကျင့်ဆောင်နိုင်သည့်ဂုဏ်နှင့် ပြည့်စုံစေကြရပါမည်ဘုရား။ ထို့အပြင် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီးနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့တို့က ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဆက်ဆက်က ထုတ်ပြန်ထားသော ညွှန်ကြားချက်၊ ညွှန်ကြားလွှာများကိုလည်း မိမိတို့ကိုယ်တိုင်က လေးလေးစားစား တိတိကျကျ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်ဘုရား။

(၆) **ဂမ္ဘီရကထာကတ္တာဂုဏ်ဆိုသည်မှာ “ဂမ္ဘီရဉ္စ ဂုယှံ ရဟဿံ ဈာန နိဿိတံ ဝိပဿနာမဂ္ဂဖလနိဗ္ဗာနနိဿိတံ”** ဟူသော အဋ္ဌကထာ အဖွင့်အရ သိမ်မွေ့နက်နဲသော ဈာန်၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်နှင့် စပ်သောစကားကို ပြောဆိုသမှုပြုလုပ်တတ်သော ဂုဏ်ဖြစ်ပါသည်။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ရှိ သံဃနာယကအဖွဲ့များ၏ လုပ်ငန်းအရ စဉ်းစားတွေးခေါ်မှု၊ မိန့်ကြားပြောဆိုမှု၊ ပြုမူဆောင်ရွက်မှုတို့ကိုလည်း အလျော်အားဖြင့် သွင်းယူသင့်ပါသည်ဘုရား။ သို့ဖြစ်၍ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ၏ စဉ်းစားတွေးခေါ်မှု၊ မိန့်ကြားပြောဆိုမှု၊ ပြုမူဆောင်ရွက်မှု ဟူသမျှတို့သည် မဟာနာယကအဖွဲ့၏ ဂုဏ်ရည်နှင့် ညီမျှအောင် လေးနက်မှု၊ လျော်ကန်သင့်မြတ်မှု ရှိစေရန် သတိပြုသင့်ပါကြောင်း လျှောက်ထားလိုပါသည်ဘုရား။

(၇) **အဋ္ဌာန အနိယောဇနဂုဏ်** ဆိုသည်မှာ စေခိုင်းတိုက်တွန်းသင့်သော အရာဌာနမဟုတ်သည့် အကျိုးမဲ့လုပ်ရပ်များ၌ “မစေခိုင်း၊ မတိုက်တွန်းသည့် ဂုဏ်” ဖြစ်ပါသည်။ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များသည် သံဃာ့အဖွဲ့အစည်း၊ ရဟန်းရှင်လူတို့ကို သင့်လျော်ရာဌာန မဟုတ်သည့် အကျိုးမဲ့ကိစ္စများ၌ မစေခိုင်း၊ မတိုက်တွန်းမိစေရန် လျှောက်ထားလိုပါသည်ဘုရား။

**နိုင်ငံတော်သံဃမဟာနာယကဆရာတော်အရှင်မြတ်တို့ဘုရား–**

ဤဂုဏ်အင်္ဂါအရည်အချင်း(၇)ရပ်တို့သည် တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ အမြဲလက်ကိုင်ပြုကာ လိုက်နာကျင့်သုံးရမည့် မြတ်စွာဘုရားရှင်၏ နည်းပေးလမ်းညွှန်ချက်များ ဖြစ်ပါကြောင်း လျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

နိဂုံးချုပ်အနေဖြင့် လျှောက်ထားလိုသည်မှာ ဘုရားရှင်နှင့် ရှေးရှေးကျေးဇူးတော်ရှင် ဆရာထေရ်ရှင်တို့၏ ကျေးဇူးဂုဏ်များကို တတ်နိုင်သမျှ ကျေပွန်အောင် ဆပ်နိုင်ဖို့ဆိုလျှင် သဒ္ဓမ္မသုံးဖြာသာသနာတော်မြတ်ကြီး အစွန့်ရှည်အောင် ထမ်းဆောင်နေကြရန်သာ ဖြစ်ပါသည်ဘုရား။ သို့ဖြစ်ရာ ဘုရားတပည့်တော် လျှောက်ထားခဲ့သော ပိယ၊ ဂရု၊ ဘာဝနီယ စသော ဂုဏ်အင်္ဂါအရည်အချင်း(၇)ရပ်တို့နှင့်ပြည့်စုံအောင် ကိုယ်တိုင်လည်း ကြိုးစားအားထုတ်၍ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် ရဟန်းရှင်လူ ပြည်သူ ပြည်သားအများကိုလည်း ပြည့်စုံစေရေး တိုက်တွန်းဆုံးမနိုင်ကြရန် လိုအပ်ပါကြောင်း လျှောက်ထားရင်း ဘုရားတပည့်တော်၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်အပ်ပါသည် ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား။

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ ၂၀၂၅ (MSME Day 2025) အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၂၇

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ ၂၀၂၅ ( MSME Day 2025) အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေး ခန်းမ၌ ကျင်းပပြုလုပ်သည်။**





အခမ်းအနားသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသဆိုင်ရာ MSME အေဂျင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက Virtual ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက MSME များသည် ကမ္ဘာ့စီးပွားရေး၏ ကျောရိုးဖြစ်သကဲ့သို့ ဆင်းရဲမှုလျှော့ချရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ အောင်မြင်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် MSME များဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးနိုင်မှုတွင် ၆၀ မှ ၇၀ ရာခိုင်နှုန်းအထိရှိကြောင်း၊ ယနေ့ခေတ်ကာလတွင် MSME များ အနေဖြင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် စီးပွားရေးပတ်ဝန်းကျင်တွင် ရှင်သန်ရပ်တည်နိုင်ရန်အတွက် ဒစ်ဂျစ်တယ်စနစ်ကို မဖြစ်မနေအသုံးပြုရန် လိုအပ်ကြောင်း၊ ဒစ်ဂျစ်တယ်စနစ်သည် လုပ်ငန်းဆောင်ရွက်မှု စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း၊ ပြည်တွင်းပြည်ပဈေးကွက်ချဲ့ထွင်နိုင်ခြင်း၊ ဖောက်သည်ဝန်ဆောင်မှု ပိုမိုကောင်းမွန်လာခြင်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးမြှင့်ပေးခြင်းအစရှိသည့် အကျိုးကျေးဇူးများစွာကို ရရှိစေနိုင်ကြောင်း။

ထို့အတူဘဏ္ဍာရေးအထောက်အပံ့၊ ဈေးကွက်ရှာဖွေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစပြုလုပ်ငန်းများ ပေါ်ထွန်းလာရေးတို့သည် MSME များ ရေရှည်တည်တံ့စွာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရေးကြီးသည့် ကဏ္ဍများပင်ဖြစ်ကြောင်း၊ MSME များသည် ရင်းနှီးမြှုပ်နှံမှုအတွက် အရင်းအနှီးလိုအပ်ချက်အမြဲရှိနေခြင်းကြောင့် ချေးငွေများ၊ အာမခံများ၊ အသေးစား ချေးငွေစနစ်များနှင့် အခြားသောဘဏ္ဍာရေး ဝန်ဆောင်မှုများကို လွယ်ကူချောမွေ့စွာ ရရှိနိုင်ရေး ပံ့ပိုးကူညီပေးနိုင်ရန် အရေးကြီးကြောင်း၊ ဘဏ္ဍာရေးအထောက်အပံ့ကောင်းမွန်မှုသာ လုပ်ငန်းများတိုးချဲ့နိုင်မည်ဖြစ်ပြီး စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ ယနေ့ခေတ်ကာလ၏ ပြိုင်ဆိုင်မှုပြင်းထန်သည့် ဈေးကွက်တွင် MSME များ အောင်မြင်နိုင်ရန်အတွက် ထိရောက်သည့် ဈေးကွက်ရှာဖွေရေး နည်းဗျူဟာများလည်း လိုအပ်ကြောင်း၊ ဒစ်ဂျစ်တယ်ဈေးကွက်ရှာဖွေရေး၊ လူမှုမီဒီယာဈေးကွက်ရှာဖွေရေး၊ ကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်းနှင့် ကွန်ရက်တည်ဆောက်ခြင်း စသည်တို့သည်လည်း MSME များအတွက် အရေးကြီးသည့် ဈေးကွက်ရှာဖွေရေး နည်းလမ်းများဖြစ်ကြောင်း။

နိုင်ငံတော် အနေဖြင့်လည်း ယခုလေးနှစ်တာ ကာလအတွင်း MSME များ တိုးတက်အောင်မြင်စေရေး အထူးအားပေးဆောင်ရွက်ပေးလျက်ရှိသည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းတစ်ခုချင်းစီအလိုက် တိုးတက်အောင်မြင်စေရေး ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း၊ ယနေ့အထိမ်းအမှတ်အခမ်းအနားမှတစ်ဆင့် MSME များ၏ စွမ်းဆောင်ရည်ကို အသိအမှတ်ပြုမြှင့်တင်ပေးပြီး အစိုးရ၊ ပုဂ္ဂလိက၊ အဖွဲ့အစည်းများနှင့် MSME လုပ်ငန်းရှင်များအားလုံး ပူးပေါင်းပါဝင်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေး စဉ်ဆက်မပြတ် တိုးတက်စေပြီး သာယာဝပြောသည့် အနာဂတ်ကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲ Video Clip ပြသပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် MSME ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ၊ MSME ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီဥက္ကဋ္ဌနှင့် MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌတို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများက MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းများကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ ၂၀၂၅ (MSME Day 2025) အထိမ်းအမှတ် "Digital နည်းပညာအသုံးပြုခြင်းဆိုင်ရာ အသိပညာမျှဝေဆွေးနွေးခြင်း"နှင့် MSMEs Software Showcase ပြခန်းများ ခင်းကျင်းပြသပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၇**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနေ့ ၂၀၂၅ (MSME Day 2025) အထိမ်းအမှတ် "Digital နည်းပညာအသုံးပြုခြင်းဆိုင်ရာ အသိပညာမျှဝေဆွေးနွေးခြင်း" နှင့် MSME Software Showcase ပြခန်းများ ခင်းကျင်းပြသပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ MICT Park ၌ ကျင်းပသည်။





အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)မှ Virtual စနစ်ဖြင့် တက်ရောက်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက MSME များတွင် ဒစ်ဂျစ်တယ်နည်းပညာများကို ထိရောက်စွာ အသုံးပြုခြင်းအားဖြင့် လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်လာနိုင်မည်ဟု ယုံကြည်ကြောင်း၊ မိမိတို့၏ MSME ထုတ်ကုန်များကို လူမှုကွန်ရက်များနှင့် အီလက်ထရောနစ်ကုန်သွယ်ရေးအစီအစဉ်များမှတစ်ဆင့် ပိုမိုကျယ်ပြန့်သည့် ဈေးကွက်ကို ချိတ်ဆက်နိုင်ကြောင်း၊ ထိုမှတစ်ဆင့် ပြည်တွင်း၊ ပြည်ပ ဈေးကွက်များအထိပါ ထိုးဖောက်နိုင်သည့် အခွင့်အလမ်းများကို ဖန်တီးပေးလာနိုင်မည် ဖြစ်ကြောင်း၊ ထို့အပြင် စာရင်းအင်းစီမံခန့်ခွဲမှု ဆော့ဖ်ဝဲလ်များ၊ ဖောက်သည်ဆက်ဆံရေး စီမံခန့်ခွဲမှုစနစ်များကို အသုံးပြုနိုင်ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုလွယ်ကူမြန်ဆန်စေပြီး အချိန်ကုန်သက်သာစေနိုင်ကြောင်း။

မြန်မာနိုင်ငံရှိ MSME များ အနေဖြင့်လည်း ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး ခေတ်ရေစီးကြောင်းကို အမီလိုက်နိုင်ရန် လိုအပ်ကြောင်း၊ MSME များသည် Digital နည်းပညာများမှတစ်ဆင့် နိုင်ငံတကာဈေးကွက်များသို့ ရောက်ရှိနိုင်ခြင်း၊ ဖောက်သည်ရရှိမှု တိုးတက်ပြီး ထုတ်ကုန်များကို ဈေးကွက်အသစ်များသို့ ဝင်ရောက်ရောင်းချနိုင်ခြင်း၊ မိမိလုပ်ငန်းအမည်နှင့် ထုတ်ကုန်အပေါ် သုံးစွဲသူများ၏ အသိအမှတ်ပြုမှုကို တိုးမြှင့်ရရှိနိုင်ခြင်း၊ အချိန်တိုအတွင်း အချက်အလက်များ စီမံနိုင်သည့် လုပ်ငန်းစီမံခန့်ခွဲမှု စွမ်းဆောင်ရည် တိုးတက်မြှင့်တင်နိုင်ခြင်း၊ လွယ်ကူစွာငွေလွှဲ/ငွေထုတ်နိုင်ခြင်း၊ စသည့် အထောက်အကူပြုမှုများကို မလွဲမသွေ ရရှိခံစားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။ **(အောက်ဝဲပုံ)**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားခြင်း၊ ရန်ကုန်တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက အမှာစကား ပြောကြားခြင်းများ ဆောင်ရွက်ကြပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌက International MSMEs Day 2025 ၏ အဓိကအချက်ဖြစ်သော MSMEs အတွက် စီးပွားရေး–ဒစ်ဂျစ်တယ် အခွင့်အရေးများအတွက် စီးပွားရေးလုပ်ငန်းရှင်များ ဆက်သွယ်ခြင်း "Business for MSMEs – Connecting the Entrepreneurs for Digital Opportunities" အကြောင်း ရှင်းလင်းဆွေးနွေးခြင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းဥက္ကဋ္ဌက ဦးဆောင်၍ နည်းပညာကိုအသုံးပြု၍ ပြည်တွင်း၊ ပြည်ပဈေးကွက်များ ရရှိနိုင်မည့် Digital Opportunities အခွင့်အလမ်းများ မျှဝေဆွေးနွေးခြင်း စကားဝိုင်းပြုလုပ်ခြင်း၊ တက်ရောက်လာသူများက မေးခွန်းများ မေးမြန်းခြင်းနှင့် ပြန်လည်ဆွေးနွေးခြင်း၊ SME Development Bank ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအကြောင်း ရှင်းလင်းဆွေးနွေးခြင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းများ ဆောင်ရွက်သည်။

မွန်းလွဲပိုင်းတွင် MSME Showcase ပြခန်းများတွင် ပါဝင်ပြသသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက Digital Payment ကဏ္ဍ၊ Digital Platform ကဏ္ဍ၊ Digital စနစ်များကဏ္ဍ၊ အပြန်အလှန် ဒစ်ဂျစ်တယ်ဖြေရှင်းချက် (Interactive Digital Solutions–AR/VR)၊ Cyber Security ကဏ္ဍများကို ရှင်းလင်းဆွေးနွေးခြင်း၊ ဒစ်ဂျစ်တယ် အခွင့်အရေးများအတွက် စီးပွားရေးလုပ်ငန်းရှင်များကို ဆက်သွယ်ခြင်း MSME B2B တွေ့ဆုံပွဲ (Connecting the Entrepreneurs for Digital Opportunities: MSME B2B Meetup)၊ Digital ဝန်ဆောင်မှုများအား One–Stop Service အနေဖြင့် ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နယုန်လ စာအလင်္ကာများ

မြန်မာ့ ၁၂ လရာသီ စာအလင်္ကာများကို ရှေးစာဆိုကြီးများရေးဖွဲ့ခဲ့ကြရာ ဆီသည်ရွာစား ဦးအောင်ကြီး (လူးတား)၊ တိုင်းတားမြို့သူကြီးဦးဖက်၊ မယ်ခွေ(အဲချင်း)၊ မဟာအတုလမင်းကြီး (လွမ်းချင်း)၊ ဖိုးသူတော်ဦးမင်း(သဖြန်)စသည့် ပုဂ္ဂိုလ်တို့က ၁၂ လရာသီကို တစ်လချင်းရေးဖွဲ့ထားခဲ့ကြလေသည်။

မောင်လူမွေး(မြန်မာမှု)

**❍ ၁၂ လရာသီ အစုံများရေးဖွဲ့မှုပါ အကြောင်းအရာအလိုက် (လူးတား၊ အဲချင်း၊ သဖြန်၊ လွမ်းချင်း စသည်များ) ကောင်းသလို တစ်ခုချင်း တစ်လချင်းရေးသည့် ရာသီဖွဲ့များသည်လည်း ကောင်းလှပေသည်။ အောက်ပါ နယုန်လဖွဲ့မှာ ထိုအမျိုးအစားထဲတွင် ပါဝင်ပေသည်။ စာဆိုမှာ စာအလင်္ကာ ကဝေမယ် လှိုင်ထိပ်ခေါင်တင်ဖြစ်ပေသည်**

**❍ နယုန်လဖွဲ့မှာ ဒဟတ်တောကွင်း ခံစပ်ပင်တောတန်းတွင် တောင်သူတို့ ယုန်ထောင်ကြပုံ၊ ပုတတ်ကောင်လေးများ မဖိုသဘာဝ ကြင်ဖော်ရှာကြပုံ၊ ကျစ်စာစားကြပုံ၊ မိုးတစ်လိုက် လေတစ်ပြိုက်နှင့် အုံ့မှိုင်းကာ မိုးရွာပုံ၊ လူငယ်လေးများ တောခြောက်ပြီး ယုန်ထောင်ပုံတို့ကို ကွက်ကွက်ကွင်းကွင်း ရေးထားသော စာအလင်္ကာမိုးဖွဲ့ (နယုန်လ) ဖြစ်ပေသည်**

နဝဒေး၊ နတ်သျှင်နောင်၊ မင်းကြီးကတော်ခင်ဆုံ၊ လှူဦးမင်း၊ ဦးဉာဏ်ကျယ်၊ စလေဦးပုည၊ အချုပ်တန်းဆရာဖေ၊ ဦးဘိုးအိုစသည့် စာဆိုများမှာ နွေဖွဲ့၊ မိုးဖွဲ့၊ ဆောင်းဖွဲ့စသည်ဖြင့် တွဲ၍၎င်း၊ လတစ်လကိုအထူးပြု၍၎င်း ရေးဖွဲ့ထားခဲ့သည်မျိုးရှိပေသည်။

၁၂လရာသီ အစုံများရေးဖွဲ့မှုပါအကြောင်းအရာအလိုက် (လူးတား၊ အဲချင်း၊ သဖြန်၊ လွမ်းချင်း စသည်များ) ကောင်းသလို တစ်ခုချင်း တစ်လချင်း ရေးသည့် ရာသီဖွဲ့များသည်လည်း ကောင်းလှပေသည်။ အောက်ပါ နယုန်လဖွဲ့မှာ ထိုအမျိုးအစားထဲတွင်ပါဝင်ပေသည်။ စာဆိုမှာစာအလင်္ကာကဝေမယ် လှိုင်ထိပ်ခေါင်တင် ဖြစ်ပေသည်။

စာဆိုလှိုင်ထိပ်ခေါင်တင်ဆိုသည်နှင့် စိန်ခြူးကြာညောင်ဘောလယ်ကို တစ်ဆက်တည်းသိကြ၏။ မယ်တော် မမြကလေးမှာလည်း စာပေကဗျာပါရမီရှင် ဖြစ်ပေသည်။ ချစ်သမျှကို၊ မြယဉ်ရေညို၊ ရှစ်စုံရွက်ကြာ၊ ညည့်သုံးယံခါစသည့် ပတ်ပျိုးများ၊ လေ့လေ့ာ်သံ၊ တေးဘွဲ့၊ ဒွေးချိုး၊ သဖြန်၊ တေးထပ်များကို ဖန်တီးခဲ့သူ ဖြစ်ပေသည်။

သမီးဖြစ်သူ လှိုင်ထိပ်ခေါင်တင်အနေဖြင့်လည်း ငှက်ပျောပင်စိုက် မိလိုက် ဖပါ ဆိုသလို ဂီတစာဆိုပါရမီရှင်ဖြစ်၏။ ဝိဇယကာရီဇာတ်၊ ဣန္ဒာဝံသဇာတ် (အီနောင်) ဘောလယ်၊ တေးထပ်၊ ဒွေးချိုး၊ လေးဆစ်၊ လွမ်းချင်း၊ ကျူးချင်း၊ လူးတား၊ ရတု၊ ကြိုးသီချင်း၊ ပတ်ပျိုးစသည့် ဂီတအနုသုခမစာစုံကို ရေးဖွဲ့ခဲ့သူဖြစ်လေသည်။

ရေးလိုက်တိုင်းသည်လည်း စာကြီးပေကြီးဝင်ဂန္ထဝင်များအဖြစ်ဖြင့်သာ ကျန်ခဲ့ပါ၏။ စာဆိုလှိုင်ထိပ်ခေါင်တင်သည် အထက်ဖော်ပြပါ စာဆိုကြီးများကဲ့သို့ ၁၂ လရာသီကို တစ်လချင်း ရေးမသွားသော်လည်း ပြဇာတ်များတွင် ရာသီကာလအလိုက် ဇာတ်ဝင်ခန်း ဆိုက်လာသောအခါ လရာသီများကို ရေးခဲ့လေသည်။

ဝိဇယကာရီဇာတ်၊ ဣန္ဒာဝံသဇာတ်ကြီးများတွင် ကာလဒေသပတ်ဝန်းကျင်ကိုပြရမည့် အခန်းရောက်သောအခါ ဖော်မစုံဘွဲ့၊ ဖော်ကွာဝေး၊ မိုးဖွဲ့၊ တောဖွဲ့၊ ယာတဲဖွဲ့၊ တောင်ယာမီးရှို့ဖွဲ့စသည်ဖြင့် ရေးဖွဲ့သွားရာ ဇာတ်ဝင်ခန်းတစ်ခုတွင် နယုန်လဆိုင်ရာကို အောက်ပါအတိုင်း သရုပ်ဖော်ထားလေသည်။

ပင်ခံစပ်ကယ်နှင့် ဒဟတ်ကယ် ကွင်းမြောင်၊
ယုန်ပိုက်ကယ် ထောင်သည် ဖိုးတောင်သူ
ပျော်ရာရပ်ပေထင့်၊
ပတတ်ညို ကြင်ဖော်ရှာလို့ ကျစ်စာစားတဲ့ လ
ပေလေး။
ဂျိုးဂျိမ်းသံငယ် မိုးသံတစ်လိုက် လေတစ်ပြိုက်
ကယ်နှင့်၊
မှိုင်းဝိုက်ကယ် ရီမှုန် စည်မုရိုးငယ်နှင့် ငွေမိုးတွေ
အုံ့တော့၊
နယုန်လ ချိန်နယ်မှာ လူသူငယ်ဝါးထောင်ချောက်
ကယ်နှင့်၊
တောခြောက်တယ်လေး။ ။ ...

ဟု ရေးဖွဲ့ထားလေသည်။

၎င်းနယုန်လဖွဲ့မှာ ဒဟတ်တောကွင်း ခံစပ်ပင်တောတန်းတွင် တောင်သူတို့ ယုန်ထောင်ကြပုံ၊ ပုတတ်ကောင်လေးများ မဖိုသဘာဝ ကြင်ဖော်ရှာကြပုံ၊ ကျစ်စာစားကြပုံ၊ မိုးတစ်လိုက် လေတစ်ပြိုက်နှင့် အုံ့မှိုင်းကာ မိုးရွာပုံ၊ လူငယ်လေးများ တောခြောက်ပြီး ယုန်ထောင်ပုံတို့ကို ကွက်ကွက်ကွင်းကွင်း ရေးထားသော စာအလင်္ကာမိုးဖွဲ့ (နယုန်လ) ဖြစ်ပေသည်။

၎င်းမိုးဖွဲ့မှာ မည်သည့်စာကြီးပေကြီးမျှ မပါဝင်ဘဲ အရပ်သိ ဇာတ်သိ ဝေါဟာရများသာ ဖြစ်ပေသည်။

ကဗျာကဝိတို့၏ သီအိုရီအရ ဒေါသကင်းသော၊ ဂုဏ်မြောက်သော၊ အလင်္ကာ အထိုက်အလျောက် ပါဝင်သော သဒ္ဒါနှင့် အနက်သည် ကဗျာမည်၏ ဆိုသည့်အလိုက် ကဗျာပီသပါပေ၏။ ရိုးရှင်း၍ သဘာဝအလှပေါ်လွင်လှပါဘိ။ ကာရန်စည်းဝါးလည်း ကိုက်လှပါ၏။

အောက်ပါနယုန်ဖွဲ့မှာ တိုင်းတားမြို့သူကြီး ဦးဖက်၏ တေးထပ်ဖြစ်သည်။

နန်းနယုန် နယ်လကို ကြယ်ဖြဟ္မဏ တာရာ၊
ရွှေဇေဋ္ဌ ပုဏ္ဏာဝယ် ယုန်စန္ဒာ ပြိုင်မျှ၊
မုလေးပျို့ သေးသွယ်ငယ်ရွှေစံပယ်သင်းတဲ့မာသ။
သုစမ္ဘရိပ်သာမှာ သဘင်စာ သည်လ၊
မင်္ဂလာထွန်တော်ချလို့ သေနင် လေးအင်၊
ထုံးစဉ်စံ သွေမခွတယ် ဘုန်းရာမျှာ့ထွတ်
(ထိပ်ဘုရင်)။
ဉာဏ်တမွတ် ဆန်ဆင်တယ် မေထုန်ခွင် နွေစွန်
လမှာမို့၊
မိုးမာန်က တအုံအုံ မည်းတည့်လို့ မှုန်၊
မြဖြန်ရဲ့တိမ်ဂဠုန်လို သိန်တဂုဏ် ကူဖြိုးလှလေး။
မစုံသူ့ ရွှေရင်မှာ ဖြေတင်နိုင် ပူညှိုးရလေး။ ။

၎င်းတေးတပ်တွင် လယ်ထွန်မင်္ဂလာအကြောင်းအရာပါ ပါဝင်၏။

အောက်ပါနယုန်လဖွဲ့မှာ မဟာအတုလမင်းကြီး၏ လွမ်းချင်းဖွဲ့ဖြစ်ပေသည်။

နတ်စည်ငယ် ရွမ်းပါလို့ ခြိမ့်မွှမ်းငယ်သံစုံ၊
ကမြူးငယ် ခုန်သည် လနယုန် သည်ချိန်မို့၊
မြူတိမ်လွှာ ဆိုင်းပြန်တော့တယ်လေး။
ရာသီငယ် မေထုန ဆယ့်နှစ်လမို့၊
ဇေဋ္ဌပြောင်ရှိန် တောက်လောင်ငယ် ထိန်သည်၊
ရာဇိန္ဒနတ် ပိဋ္ဌကတ်မှာ မပြတ်ကယ်ထွက်စံ
စာညီလာခံသောခါ၊
ဗိုလ်ခြံတဲ့ ရွှေလယ်မှာ ငွေစံပယ် ဖြူမုလေးက
မွှေးလှတယ်လေး။ ။

ဖော်ပြပါစာအလင်္ကာများမှာ နယုန်လဖွဲ့ ပုံမှန်သဘောများကို သိသာပေပြီ။

ရှေးခေတ် မြန်မာ့ရိုးရာ နတ်ချင်းနှင့် တေးကဗျာများသည် ပုဂံခေတ်မှသည် ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းခေတ်စဉ်များတစ်လျှောက် ကျေးလက်ဒေသ လယ်တောတစ်ခွင် ရိုးရာသဘောမှသည် အခြေတည်ကာ မြို့ပြအခြေအနေ ထီးမူနန်းရာပိုင်းကိုပါ တဖြည်းဖြည်း ချဉ်းကပ်ဝင်ရောက်လာလေသည်။ ညောင်ရမ်းခေတ်ကုန်လုနီးကာလတွင် ဝန်ကြီးပဒေသရာဇာ ကဲ့သို့သော စာဆိုများက အချင်းကဗျာ၊ အဲချင်းကဗျာများကိုအခြေခံကာ သီချင်းခံတည်းဟူသော အဆင့်မြင့်တေးကဗျာများကို ပုံစံကျကျဖွဲ့နွဲ့သီကုံးမှုပြုလာကြသည်။ ၎င်းအစဉ်အလာကို ကုန်းဘောင်ခေတ်ဦးကာလတွင် ဆက်လက်သုံးစွဲအကောင်အထည်ဖော်လာကြသည်။ ကုန်းဘောင်ခေတ်အလယ် သက္ကရာဇ် ၁၁၆၀ ကျော်နှစ်ပိုင်းကာလအတွင်းက မုံရွေးဆရာတော်သည် မြန်မာ ရှေးရိုးရေးကဗျာများကို စုစည်း၍ "အချင်းစုံ"ခေါ် "ဟာသ ဇဝနိက ဉာဏမဉ္ဇရီ"ကျမ်းကို ပြုစုခဲ့ပါသည်။

လက်ဝဲနော်ရထာသည် ရှေးရိုးမြန်မာတေးချင်းများကို အသံအမှတ်အသားမှသည် သီချင်းစာသားများ ထည့်သွင်း၍ အလိုက်သီချင်းများ စပ်ဆိုခဲ့သည်။ ရှေးရိုးဂီတစာဆိုတစ်ဦး ဖြစ်ပါသည်။ ယခုခေတ် မဟာဂီတကျမ်းပါ "ကြိုး/ဘွဲ့/သီချင်းခံ/ပတ်ပျိုး/ယိုးဒယား" စသည့် ပုံစံတကျ မဟာဂီတသီချင်းဟူ၍ ပီပီပြင်ပြင် မပေါ်ပေါက်သေးသည့်ချိန်ခါဖြစ်ပါသည်။ မြဝတီမင်းကြီးဦးစ၏ ကိုယ်တိုင်ရေးဂီတမှတ်တမ်းကို လေ့လာကြည့်ရှုပါက ယခုခေတ်မဟာဂီတတွင် မိမိရရခွဲခြားပြသ လက်ခံကျင့်သုံးနေသည့် သီချင်းအမည်များ မပေါ်ပေါက်သေးသည်ကို အထင်အရှားတွေ့ရမည်ဖြစ်ပါသည်။

စာဆိုဝန်ကြီးပဒေသရာဇာသည်လည်း "ကြိုး/ဘွဲ့/သီချင်းခံ" ဟူသော မဟာဂီတသီချင်းကြီးများအတွက် မျိုးစေ့ချပေးခြင်းနှင့်အတူ မြန်မာရှေးရိုးမဟာဂီတလောကကို တစ်ဆင့်မြင့်အောင် ဆောင်ရွက်မှုများကိုပါ ဆောင်ရွက်ခဲ့ပါသည်။ ထိုအထဲတွင် အဲချင်းသည်လည်း စာအလင်္ကာအမျိုးအစားတစ်ခုဖြစ်လေသည်။ နတ်ချင်းအဲ၊ မင်းမိဖုရားနှင့်စပ်သောအဲ၊ လပအဲ၊ ဗုံအဲ၊ ကောက်စိုက်အဲ၊ မောင်းအဲ၊ လွန်တေးခေါ် မိုးခေါ်အဲ၊ ကြိုးသံအဲ စသည်ဖြင့် အဲချင်းအမျိုးမျိုးရှိပေသည်။

ထိုအထဲတွင် စာဆိုမယ်ခွေ၏ (၁၁၅၀ခန့်-၁၂၀၀ခန့်) ၁၂လရာသီအဲသည်လည်း ပါဝင်ပေသည်။ မောင်းအဲ၊ လယ်ထွန်ကောက်စိုက်အဲ စသည်တို့တွင် ပညာရပ်ဆိုင်ရာများ လေးလေးနက်နက်မပါဘဲ အရပ်သုံးဇာတ်သုံးမျှသာ ပါဝင်ပေသည်။

အဲချင်းစာဆိုများမှာ ဦးယာ၊ မောင်ထွား၊ မောင်ရီ၊ မယ်ခွေ စသည်တို့ဖြစ်သည်။ အထူးသဖြင့် ဦးယာနှင့် မယ်ခွေ၏ အဲချင်းများမှာ ပို၍ထင်ရှား၏။ ပညာရပ်ဆန်၏။ လေးနက်မှုရှိ၏။ ထိုထဲတွင် မယ်ခွေ၏ အဲချင်းသည် ပို၍ပင်လေးနက်သည်ဟု ဆိုရာ၏။

ရာသီဘွဲ့တစ်ခု ရေးစပ်ရာတွင်

၁။ လရာသီ (မိဿ၊ ဗြိဿ၊ မေထုန်၊ ကရကဋ်... တန်ခူး၊ ကဆုန်၊ နယုန် စသည်...)
၂။ နက္ခတ်တာရာ(လပြည့်စန်းယှဉ် ... စသည်...)
၃။ လရာသီပန်း
၄။ တိတ်စွဲဒေသ (တိုင်းနိုင်ငံ...)
၅။ ပွဲတော် စသည့် အချက်အလက်...

များပါရပေသည်။

၎င်းမယ်ခွေ၏ နယုန်လဘွဲ့စာပေတွင် ရာသီပန်းဖွဲ့ စံပယ်မြတ်လေး၊ ရာသီစာမေးသဘင်၊ နယုန်လစာပြန်ပွဲ၊ မေထုန်ရာသီ အဒြနက္ခတ်နှင့် နေသွားလသွား အကြောင်းခြင်းရာများ၊ နေ့နာရီ ညနာရီ၊ စန်းယှဉ်နက္ခတ်၊ ကလိင်္ဂရာဇ်တိုင်း နိုင်ငံ တိတ်စွဲ စသည်တို့ ပါရှိလေသည်။ ကလိင်္ဂတိုင်း တံငါတာရာ ကြယ်မှိန်ပါက တိုင်းနိုင်ငံဒေသများ ကံကြမ္မာညှိုးနွမ်းတတ်ကြသည်ဟု ဆိုလိုသည့် သဘောပါလေသည်။ (ဗြိစ္ဆာရာသီ ဇေဋ္ဌနက္ခတ် တံငါတာရာ)

ဗြိစ္ဆာရာသီ တံငါတာရာထဲရှိ ကြယ်မှိန်ပါက တိုင်းနိုင်ငံဒေသတို့ ကံကြမ္မာညှိုးတတ်သည်ဟုလည်းဆိုလိုပေသည်။ ထိုအကြောင်းခြင်းရာများသည် ငိုတတ်သည့်ကလေးကို ကျီစားသလို မလုပ်ပါနှင့် အားကိုးပါတယ်။ တိုင်းပြည် သာယာဝပြောပါစေ၊ ထိုအကြောင်းခြင်းရာများ မဖြစ်ပါစေနဲ့ဟု ဆိုလိုသည့်သဘောဖြစ်သည်။ ၎င်းထက် နက်နဲကျယ်ဝန်းသော အကြောင်းခြင်းရာများလည်း ပါပေသေး၏။ စာရှုသူများ မယ်ခွေ၏ နယုန်လဘွဲ့ကို ဖတ်ရှုခံစား၍ စာပေရသ အနက်အဓိပ္ပာယ်ကို ကြံဆနိုင်ကြပါစေ ကုန်သတည်း။

ရွှေသားမှသိင်္ဂီလေ.... အဒြကြယ်၊ ပါဒ်သုံးသွယ်
နှင့်၊ နေဆွယ်ရထား၊ ယှဉ်ပြိုင်သွားလို့၊ စက်နား
မေထုန်၊ လွမ်းဖို့ဆုံလှတယ်၊ နယုန်ဆီကိုတဲ့လေး။
သီတာငယ်မှစိမ်းလှည့်၊ ရေမှာကြည့်လည်း၊
ရေ၏ထုံးတမ်း၊ တောင်မှာစမ်းလည်း၊တောင်ကမ်း
ဖွယ်ရာ၊ မြေမျက်နှာလည်း၊ မသာစတောင်း၊
ရှုမညောင်းသည်၊ နွေနှောင်းလမို့၊ ကမ္ဘာ့
ကျက်သရေ၊ ရဂုံနက်ကျယ်၊ တောမြိုင်လယ်မှာ၊
စမ္ပယ်မြတ်လေး၊ ပျံ့မွှေးမွှေးနှင့်၊ စာမေးသဘင်၊
ငှက်ပေါင်းရှွင်လို့၊ မင်းလင်ငယ် ဝေသည်၊
တောင်လေပြေမှိုင်းပုံနှင့်၊ ကြံ့ပြန်လေခြင်း။
မလင်းမှ ကောင်းကင်၊ တိမ်ခိုနန်းမြောင့်၊
ရာဟုထောင့်က၊ မြတောင့်ပမာ၊ လက္ခဏာလည်း၊
လာ၍ဆင်သို့၊ သဘင်မှမွေ့သိမ်၊ တစ်ဆယ့်ခုနစ်၊
ပြင်နာရီနစ်တုန်းမို့၊ ဇေဋ္ဌစန္ဒာ၊ ရွှေလည်ညိုသာဘဲ
နှင့်၊ တံငါငယ် ကြယ်မှိန်သည်၊ ပြည်ကလိင်္ဂရာဇ်နေ
တို့၊ ကံရွှေတိုင်ညှိုး။
လရာသီစု (စိတ်ကယ်မှရှုပါဘူး၊ ရွှေဥနှင့်မင်းမိ၊
ဝေးခိုက်မှ ဖိတယ်လို့၊ ကလိ မျက်ညိုး၊ ဘယ်ငြိုး
တော် သိုရတယ်၊) ငိုတတ်သည့် သူငယ်လို၊
အသွယ်သွယ် မကျီစားပါနှင့်၊ တအားကိုး။ ။

# “ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့” သုံးသပ်ဆွေးနွေးပွဲ ငြိမ်းချမ်းရေးဖိုရမ် - Peace Forum 2025 ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၂၇**

“ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့” သုံးသပ်ဆွေးနွေးပွဲ ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်ခန်းမ၌ တတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။



ငြိမ်းချမ်းရေးဖိုရမ်သို့ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစား အရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များ၊ မီဒီယာများနှင့် လေ့လာသူများ တက်ရောက်ကြပြီး အဖွဲ့ (၂) ဖွဲ့ခွဲ၍ ဆွေးနွေးကြသည်။

နံနက်ပိုင်း ဆွေးနွေးမှုတွင် အဖွဲ့(၁)၌ သဘာပတိအဖြစ် ဒေါက်တာ သက်သက်ခိုင်က ဆောင်ရွက်ပြီး **“လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များနှင့် လူမှုစီးပွားဘဝ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် မဟာဗျူဟာများကိုဖော်ထုတ်ခြင်း”**၊ အဖွဲ့ (၂) ၌ သဘာပတိအဖြစ် ဗိုလ်ချုပ် စိုးနိုင်ဦး (ငြိမ်း) က ဆောင်ရွက်ပြီး **“မြန်မာနိုင်ငံ၏ အနာဂတ်သည် ပထဝီနိုင်ငံရေးဆိုင်ရာ ရှုထောင့်အမျိုးမျိုးနှင့် ဆက်နွှယ်သက်ရောက်မှုရှိပုံကို လေ့လာဆန်းစစ်ပြီး အသွင်ကူးပြောင်းရေးတွင် ကျင့်သုံးသင့်သော နည်းဗျူဟာများကို ဖော်ထုတ်ခြင်း”** ခေါင်းစဉ်တို့ကို ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက အမြင်သဘောထားများဆွေးနွေးခြင်း၊ မေးခွန်း မေးမြန်းခြင်းများအပေါ် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ငြိမ်းချမ်းရေးဖိုရမ် ပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ပပညာရှင်များ၊ အဖွဲ့(၁)၊ အဖွဲ့(၂) တို့၏ ဆွေးနွေးချက်အကြောင်းအရာများအပေါ် သဘာပတိများက ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌက သဘာပတိများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆွေးနွေးပွဲမှ ရရှိသောအကြံပြုချက်များ စုစည်းချက်အပေါ် သုံးသပ်တင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် ငြိမ်းချမ်းရေးဖိုရမ်ဆွေးနွေးပွဲ အဖွဲ့(၁)ကိုယ်စား ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (မွန်ပြည်နယ်) မှ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာ မိယဉ်ချမ်းနှင့် အဖွဲ့ (၂)ကိုယ်စား လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) မှ ဗဟိုကော်မတီဝင် ဒေါ်ခင်စောနွဲ့တို့က ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်စကားပြောကြားရာ၌ ငြိမ်းချမ်းရေးဖိုရမ်တွင် ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖွံ့ဖြိုးတိုးတက်ရေး စသည့် ကဏ္ဍ (၃) ရပ်ကို ဆွေးနွေးခဲ့ကြကြောင်း၊ ဆွေးနွေးရရှိသည့် အကြံပြုချက်များကို စနစ်တကျ မှတ်တမ်းတင်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံတင်ပြ၍ လက်တွေ့ပြန်လည်အသုံးချနိုင်ရေး ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံသားအခွင့်အရေးများ ရရှိစေရေး ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားရမည် ဖြစ်ကြောင်း၊ နောက်တစ်ကြိမ် ကျင်းပပြုလုပ်မည့်ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးပွဲများတွင် ပါဝင်သင့်ပါဝင်ထိုက်သော နိုင်ငံတကာမှပညာရှင်များအား ဖိတ်ခေါ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ဝဲပုံ) သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် လျှော်ဘေးသင့် အမှုထမ်းများအား ဦးစားပေးနေရာချထားသည့် ယာယီအဆောက်အအုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၇**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနမှ ငလျင်ဘေးသင့် အမှုထမ်းဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား ဦးစားပေးနေရာချထားပေးသည့် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp) မိန်းဂိတ်ဝဘယ်၊ ညာရှိ ယာယီအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးငလျင်ကြီးကြောင့် ဝန်ထမ်းအိမ်ရာများ ထိခိုက်ပျက်စီးခဲ့သည့်အတွက် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ နေထိုင်မှုအဆင်ပြေစေရေးအတွက် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း(Gold Camp) ၌တည်ဆောက်ထားသည့် နှစ်ခန်းတွဲ လေးခန်းပါ ယာယီအဆောက်အအုံများတွင် အမှုထမ်းဝန်ထမ်းများအား ဦးစားပေးပြီး နေရာချထားမှုနှင့် ဝန်ထမ်းများ ပြောင်းရွှေ့နေထိုင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သောက်သုံးရေနှင့် လျှပ်စစ်မီးသုံးစွဲမှု အဆင်ပြေချောမွေ့စေရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ယာယီအဆောက်အအုံများတွင် နေထိုင်လျက်ရှိသည့် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအချင်းချင်း စည်းစည်းလုံးလုံးနှင့် မိသားစုစိတ်ဓာတ်ထားရှိကြရန်၊ အိမ်ရာပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှု ရှိစေရေး၊ စိမ်းလန်းစိုပြည်စေရေးနှင့် ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် တစ်ပိုင်တစ်နိုင် သီးပင်၊ စားပင်များ စိုက်ပျိုးသွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးပညာပေးသရုပ်ပြပွဲနှင့် အသိပညာပေးဟောပြောပွဲကျင်းပ

**ပန်းတောင်း ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးသရုပ်ပြပွဲနှင့်အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲက အထက (ဥသျှစ်ပင်) ကျောင်း၌ ကျင်းပရာ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူရနှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးသည်။

ဦးစွာ အထက (ဥသျှစ်ပင်) ကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များမှ ငလျင်ဘေးအန္တရာယ်ဖြစ်ပွားမှုပုံစံများ၊ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုပုံစံတို့ကို သရုပ်ပြတင်ဆက်ခဲ့ပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမော်က ငလျင်ဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောခြင်း၊ မြို့နယ် ဒုတိယမီးသတ်ဦးစီးမှူး ဦးစိုးသီဟက ငလျင်လှုပ်ခြင်းကြောင့် နောက်ဆက်တွဲ ဖြစ်ပွားနိုင်သော မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေး ဟောပြောခြင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ဒုတိယမြို့နယ်တပ်ဖွဲ့မှူး ဦးအောင်မိုးဦးက CPR လုပ်နည်းနှင့်ပတ်သက်၍ ဟောပြောပြီး ငလျင်ဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **လပြည့်လင်း(ပြန်/ဆက်)**

# ပြည်သူတွေအနေနဲ့ နိုင်ငံရေးကို ကြောက်နေတာတို့၊ မပတ်သက်တာတို့ စတာတွေ လုပ်နေလို့မရဘူး။ နိုင်ငံရေးက ကိုယ့်ကိုစီမံသွားတာမျိုး ခံရနိုင်တယ်။ နိုင်ငံရေးဆိုတာ မပတ်သက်ဘဲနေလို့မရဘူး။ အနည်းဆုံးတော့ သိနေရမယ်။ နိုင်ငံရေးနည်းလမ်းနဲ့ ပြုပြင်ပြောင်းလဲဖို့အတွက် ပြည်သူတွေကိုယ်တိုင် ပူးပေါင်းပါဝင်ပြီး တက်တက်ကြွကြွနဲ့ ဝင်ရောက်ဆောင်ရွက်ကြရမယ်။

**ဦးကိုကိုကြီး**

ငြိမ်းချမ်းရေးဖိုရမ် Peace Forum 2025 ငြိမ်းချမ်းရေးရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့ သုံးသပ်ဆွေးနွေးပွဲကို နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ဇွန် ၂၅ ရက်မှ စတင်၍ သုံးရက်တာ ကျင်းပခဲ့သည်။

ထိုကဲ့သို့ဆွေးနွေးပွဲသုံးရက်တာကာလအတွင်း ဆွေးနွေးခဲ့သည်များနှင့် စပ်လျဉ်း၍တက်ရောက်လာကြသူအချို့၏စကားသံများကို စုစည်းဖော်ပြအပ်ပါသည်။

**ဗိုလ်မှူးကြီး ဝဏ္ဏအောင်**
**အဖွဲ့ဝင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ**

Peace Forum ကျင်းပပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ လက်ရှိပကတိအခြေအနေ၊ နိုင်ငံငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ တရားဥပဒေစိုးမိုးရေးနဲ့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ ဖြစ်ပါတယ်။ ဒီအတွက်ကဏ္ဍအသီးသီးက တက်ရောက်လာကြသူတွေကအမြင်သဘောထားတွေ၊ အတွေ့အကြုံတွေ မျှဝေဖလှယ်ကြတယ်၊ အလွတ်သဘော ကျယ်ပြန့်စွာ ဆွေးနွေးကြတယ်၊ ရရှိလာတဲ့ အကြံပြုချက်တွေ၊ ဆောင်ရွက်သင့်တာတွေကို ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။


သုံးရက်တာမှာ ရွေးကောက်ပွဲနဲ့ ရွေးကောက်ပွဲနောက်ပိုင်း ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ အခွင့်အလမ်းတွေနဲ့ ပဋိပက္ခအပြီး ပြန်လည်တည်ဆောက်ရေးနဲ့ သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးဆိုင်ရာတွေ စတာတွေကို ဆွေးနွေးကြတယ်။

ပြည်တွင်းပညာရှင်တွေက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မယ့် နည်းလမ်းတွေ၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးမှာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မယ့် နိုင်ငံတကာအသိုက်အဝန်းရဲ့ အခန်းကဏ္ဍ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလိုအပ်ချက်တွေ၊ လူမှုစီးပွားဘဝ စိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့၊ ပထဝီနိုင်ငံရေးဆိုင်ရာ ရှုထောင့်အမျိုးမျိုးနဲ့ လေ့လာဆန်းစစ်ပြီးတော့ အသွင်ကူးပြောင်းရေးအတွက် ကျင့်သုံးသင့်တဲ့ နည်းဗျူဟာတွေကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါတယ်။

အကြမ်းဖက်လုပ်ရပ်တွေနဲ့ ငြိမ်းချမ်းရေးမရရှိနိုင်ပါဘူး။ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းကသာ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မယ်ဆိုတာကိုလူထုအကြားအသိအမြင်တိုးမြှင့်ရရှိလာစေချင်တယ်။ ဒီလိုဆွေးနွေးပွဲတွေကပဲ နိုင်ငံရေး၊ စီးပွားရေးအတွက် ပိုမိုကောင်းမွန်တဲ့ ရေတို၊ ရေရှည်လုပ်ငန်းစဉ်တွေကို ချမှတ်


ဗိုလ်မှူးကြီး ဝဏ္ဏအောင်


ဦးအောင်နိုင်ဦး


ဦးကိုကိုကြီး


ဒေါ်ချိုချိုကျော်ငြိမ်း


ဦးကိုကို


ဦးစောသန်းမြင့်

အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

**ဦးအောင်နိုင်ဦး**
**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**

လူသားချင်း အထောက်အကူပြုကိစ္စတွေ၊ လူမှုစီးပွား စိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းဖို့ ဒီနေ့ဆွေးနွေးခဲ့ကြတယ်။ လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်တွေက အခြေအနေတစ်ခုမှာ လုပ်ရတာဖြစ်ပေမယ့် လူမှုစီးပွားစိန်ခေါ်မှုတွေက တစိုက်မတ်မတ်ကို လုပ်နေရမှာ ဖြစ်ပါတယ်။ အဲဒီနှစ်ခုကို ပေါင်းစပ်ပြီး ရွေးကောက်ပွဲပြီးတဲ့အခါ တက်လာမယ့် လွှတ်တော်နဲ့အစိုးရ တက်ညီလက်ညီ စဉ်းစားဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဒီအတွက် ဆွေးနွေးခဲ့ကြပါတယ်။ တခြားကိစ္စရပ်တွေအနေနဲ့ ဆွေးနွေးတာကတော့ လယ်ယာကဏ္ဍက အကြောင်းအရာတွေလည်း ပါပါတယ်။ လယ်ယာကဏ္ဍအတွက် ဘယ်လိုပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်သင့်တယ်ဆိုတာ၊ သဘာဝတွင်းထွက်တွေနဲ့ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာ၊ လူသားချင်းစာနာမှုအထောက်အကူ ပေးအပ်တဲ့အခါ ထိရောက်မှုရှိအောင် ဘယ်လိုလုပ်သင့်တယ်ဆိုတာမျိုး ဆွေးနွေးကြပါတယ်။ ဒီလိုဆွေးနွေးကြတာတွေက အလွှာစုံပါဝင်တဲ့အတွက် ကွဲပြားတဲ့အမြင်တွေ ဆုံချက်လာဖြစ်စေပါတယ်။ ကွဲပြားတဲ့ အတွေ့အကြုံတွေဟာလည်း ဆုံချက်လာဖြစ်တယ်။ အသိအမြင်ချင်း ဖလှယ်လို့ရတယ်၊ အသိအမြင်ချင်း ဖလှယ်ရင်း နားလည်မှု တည်ဆောက်ကြတယ်၊ နားလည်မှုတည်ဆောက်ရင်း ငြိမ်းချမ်းရေးအတွက်၊ အနာဂတ်နိုင်ငံတော်အတွက် အထောက်အကူဖြစ်တယ်။

**ဦးကိုကိုကြီး**
**ဥက္ကဋ္ဌ၊ ပြည်သူ့ပါတီ**

ကျွန်တော့်အနေနဲ့ နိုင်ငံတော်ရဲ့ ပကတိအခြေအနေနဲ့ ရွေးကောက်ပွဲရဲ့ အရေးပါပုံကို အဓိကထားပြီး ပါဝင်ဆွေးနွေးခဲ့ပါတယ်။ ရွေးကောက်ပွဲကျင်းပပြီးတဲ့အခါ ဥပဒေနဲ့အညီ လွှတ်တော်တွေ အကောင်အထည်ဖော်ဖို့ပါ။ နိုင်ငံတော်ရဲ့ ပကတိအခြေအနေအပေါ် ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖြစ်ပါတယ်။ မဲဆန္ဒရှင်တွေရဲ့ မြေပြင်မှာ နေရာရွှေ့ပြောင်းနေမှုတွေ၊ ရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်မြေ ပမာဏခန့်မှန်းမှုတွေ၊ ရွှေ့ပြောင်းလုပ်သား အရေးကိစ္စတွေ အစရှိတာတွေကိုဆွေးနွေးဖြစ်ခဲ့ပါတယ်။ ရွေးကောက်ပွဲရဲ့ အရေးပါမှုကို သိရှိရမယ်။ ရွေးကောက်ပွဲဟာ အကူးအပြောင်းကာလ အဆင့်တစ်ခုဖြစ်ဖို့အတွက် အရေးပါပါတယ်။ နောက်တစ်ခုက ရွေးကောက်ပွဲအလွန်ကာလအတွက်လည်း စဉ်းစားထားရမယ်။

ဒီရွေးကောက်ပွဲဟာ ယခင်ယခင် ရွေးကောက်ပွဲတွေနဲ့မတူဘူး။ ရွေးကောက်ပွဲအလွန် သင့်တော်တဲ့အချိန်မှာ ဖွဲ့စည်းပုံပြန်လည်သုံးသပ်ခြင်းဆိုင်ရာ ညီလာခံတစ်ခု ကျယ်ကျယ်ပြန့်ပြန့်ကျင်းပဖို့ အကြံပြုဆွေးနွေးခဲ့တာတွေ ရှိပါတယ်။ ဒီလိုဆွေးနွေးတဲ့ အဝန်းအဝိုင်းကို စတင်တည်ဆောက်ပြီး တဖြည်းဖြည်းနဲ့ တိုးချဲ့သွားခြင်းအားဖြင့် ပို၍ပို၍ ပြည့်စုံတဲ့ ဆွေးနွေးပွဲတွေဖြစ်လာမှာ ဖြစ်ပါတယ်။ လက်တွေ့အရ အားလုံးပါဝင်ဖို့ တစ်နေရာတည်း တစ်ချိန်တည်း လူတွေအများကြီး စုစည်းဆွေးနွေးဖို့ဆိုတာ အခက်အခဲတွေ အများကြီး ရှိပါတယ်။

ပြည်သူတွေအနေနဲ့ နိုင်ငံရေးကို ကြောက်နေတာတို့၊ မပတ်သက်တာတို့ စတာတွေ လုပ်နေလို့မရဘူး။ နိုင်ငံရေးက ကိုယ့်ကို စီမံသွားတာမျိုးခံရနိုင်တယ်။ နိုင်ငံရေးဆိုတာ မပတ်သက်ဘဲ နေလို့မရဘူး။ အနည်းဆုံးတော့ သိနေရမယ်။ နိုင်ငံရေးနည်းလမ်းနဲ့ ပြုပြင်ပြောင်းလဲဖို့အတွက် ပြည်သူတွေကိုယ်တိုင် ပူးပေါင်းပါဝင်ပြီး တက်တက်ကြွကြွနဲ့ ဝင်ရောက်ဆောင်ရွက်ကြရမယ်။ အထူးသဖြင့် နိုင်ငံသားတွေဖြစ်တဲ့အတွက် အနည်းဆုံးတော့ မဲပေးပိုင်ခွင့်ကိုကျင့်သုံးဖို့ အရေးကြီးပါတယ်။ ဒီဟာတွေကို ပြည်သူတွေ သိရှိလာတာနဲ့အမျှ ပိုပြီးတော့ မျှော်လင့်ချက် အားကောင်းလာမယ်။ စိတ်ဝင်စားမှု အားကောင်းလာမယ်။

**ဒေါ်ချိုချိုကျော်ငြိမ်း**
**ဥက္ကဋ္ဌ၊ ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ**

နိုင်ငံရေးသမားတစ်ဦးအနေနဲ့ နိုင်ငံရေးအဆက်ဆက် အတွေ့အကြုံတွေ အများကြီးရှိခဲ့ပါတယ်။ လက်ရှိနိုင်ငံတော်ဝန်ကြီးချုပ်နဲ့တွေ့ဆုံတိုင်း နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ နိုင်ငံရေးသဘောထားအမြင်တွေ သိရှိခွင့်ရပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံအတွက် ဖြစ်စေချင်တာတွေ အများကြီးရှိပါတယ်။ နိုင်ငံတော်အပေါ်မှာ စေတနာအများကြီးထားတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ မူဝါဒတွေအပေါ်မှာ ဝိုင်းဝန်းလုပ်ဆောင်ပေးဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်က ဖက်ဒရယ်ကို လက်ခံတယ်။ ဒီနေရာမှာ ဖက်ဒရယ်ဆိုတာ ခွဲထွက်တာ မဟုတ်ဘူး။ ကိုယ့်ပြည်နယ် ကိုယ့်နေရာမှာ ကိုယ့်ဝန်ကြီးချုပ်၊ ကိုယ့်ဒေသက လူတွေနဲ့၊ အခွန်နဲ့ ငြိမ်းငြိမ်းချမ်းချမ်းနေတာကို ပြောတာပါ။ ကျွန်မတို့နိုင်ငံက တိုင်းရင်းသား လူမျိုးပေါင်းစုံ ရှိပါတယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံရှိကြပေမယ့် ဘယ်နေရာမှာပဲရှိရှိ ဘယ်တိုင်း၊ ဘယ်ပြည်နယ်မှာပဲ ရှိရှိ အခုက လူမျိုးစုတစ်စုတည်း မဟုတ်တော့ဘဲ အားလုံးစုစည်းတည်ရှိနေထိုင်ကြတာများပါတယ်။ အားလုံးက တိုင်းပြည်ချစ်စိတ်ရှိတာ တူညီကြတယ်။ ဒါကြောင့် တိုင်းရင်းသား လူမျိုးစုတစ်ခုအနေနဲ့ မဟုတ်ဘဲ အားလုံးစုစည်းလုပ်ဆောင်ရမယ်။ လူမျိုးစွဲတွေ လျှော့ရမယ်။ အားလုံးအတွက် စဉ်းစားရမယ်။

**ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)**
**ဥက္ကဋ္ဌ ၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့**

ငြိမ်းချမ်းရေးဖိုရမ် ပထမတစ်ရက်ကတော့ ကျွန်တော်တို့နိုင်ငံကို အပြင်ကကြည့်တဲ့ နိုင်ငံတကာရဲ့အမြင်၊ ဒုတိယနှစ်ရက်ကတော့ ကျွန်တော်တို့အချင်းချင်း ပြန်ကြည့်တဲ့ အတွင်းကအမြင်တွေ အားလုံးကို ပေါင်းစပ်ကြတာပါ။ ဖိုရမ်ဆိုတဲ့အတိုင်း ကဏ္ဍအသီးသီး ပညာရှင်အသီးသီးက အလွှာပေါင်းစုံ အမြင်ပေါင်းစုံ ရှုထောင့်ပေါင်းစုံပါတယ်။ အခုသုံးရက်တာ ကျင်းပခဲ့တဲ့ ငြိမ်းချမ်းရေးဖိုရမ်က မကြာသေးခင်ကကျင်းပတဲ့ ငြိမ်းချမ်းရေး စကားဝိုင်းရဲ့ အဆက်လို့ပြောရမယ်။ ဒီဖိုရမ်တွေ၊ စကားဝိုင်းတွေအားလုံးက ငြိမ်းချမ်းရေးလမ်းပြမြေပုံကြီးရဲ့ ပွိုင့်လေးတွေလို့ ဆိုရမယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လာရင်ငြိမ်းချမ်းအောင်ဘယ်လိုလုပ်မလဲ၊ အားလုံးလက်ခံနိုင်တဲ့ ဘုံသဘောတူညီချက်တွေကို ရှာပြီးသွားရင် အားလုံးသဘောတူလက်ခံနိုင်တဲ့ လက်တွေ့ကျတဲ့အဖြေထွက်မယ်။ နောက်ထပ်သွားရမယ့် ခရီးရှည်အတွက် အင်အားတွေဖြစ်တယ်။ ဆင့်ကဲဆင့်ကဲတိုးတက်ဆွေးနွေးသွားကြရင် ကျွန်တော်တို့လိုလားတဲ့ ငြိမ်းချမ်းရေးကို ကျိန်းသေပေါက်ရဖို့သေချာပါတယ်။

**ဦးစောသန်းမြင့်**
**တွဲဖက်အတွင်းရေးမှူး၊ ရှမ်းနှင့် တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)**

အခုကျင်းပတဲ့ဖိုရမ်က ပထမအကြိမ် Peace Talk တုန်းက ဘက်စုံဆွေးနွေးခဲ့တဲ့ အခြေအနေအပေါ် သုံးသပ်ပြီး Peace Talk ကနေ ဖိုရမ်အဆင့်ကို တက်လှမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီတစ်ခေါက်မှာ လူဦးရေလည်း ပိုများလာတယ်။ နိုင်ငံတကာက သံတမန်တွေ၊ ကျွမ်းကျင်သူတွေပါလာတဲ့အတွက် သူတို့ရဲ့အကြံဉာဏ်တွေလည်း သိရှိရသလို သူတို့ကိုလည်း နိုင်ငံတော်အစိုးရနဲ့ အဖွဲ့အစည်းတွေ ပူးပေါင်းပြီး ဘယ်လိုတက်တက်ကြွကြွနဲ့ စုပေါင်းလုပ်ဆောင်နေတယ်ဆိုတာ ပြသလိုက်နိုင်တယ်လို့မြင်ပါတယ်။

ပထမဆုံးအနေနဲ့ ပြောရရင် ရွေးကောက်ပွဲအတွက် ပြင်ဆင်နေကြတဲ့ အခုလိုအချိန်မှာ နိုင်ငံတော်အစိုးရနဲ့ ဒေသအသီးသီးက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍဟာ တော်တော်လေး အရေးကြီးပါတယ်။ နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲ အောင်မြင်အောင် ကျင်းပပေးဖို့ လိုအပ်သလို ဒေသအသီးသီးက EAOs တွေကလည်း ပူးပေါင်းပါဝင်ဖို့လိုတယ်။

ဒုတိယကတော့ ရွေးကောက်ပွဲကော်မရှင်ရဲ့ အခန်းကဏ္ဍဖြစ်ပါတယ်။ ကော်မရှင်အနေနဲ့ ဒေသတိုင်းမှာ မျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင်၊ တချို့အငြင်းပွားမှုတွေကို ဥပဒေနဲ့အညီ အမြန်ဆုံးနဲ့ အမှန်ဆုံး ဖြေရှင်းညှိနှိုင်းပေးနိုင်အောင်၊ မြို့နယ်၊ ဒေသတွေက ကော်မရှင်အဖွဲ့ခွဲတွေအထိ *စာမျက်နှာ ၁၃ သို့*

# တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေး

**ရန်ကုန် ဇွန် ၂၇**

**တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့က ကြီးမှူးကျင်းပသည့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သာကေတမြို့နယ် လူငယ်စင်တာ၌ ကျင်းပသည်။**



အခမ်းအနားသို့ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရုပ်ရှင်၊ ဂီတမှအနုပညာရှင်များ၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များ၊ အထောက်အကူပြုလုပ်ငန်းကော်မတီနှင့် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးရေးကော်မတီ အသီးသီးမှ ကော်မတီဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လူငယ့်အားမာန်စာကြည့်တိုက်တွင် လူငယ်များ စာပေဖတ်ရှုနေမှု၊ ပန်းချီရေးဆွဲခန်း၌ အနုပညာ ပန်းချီများရေးဆွဲနေမှု၊ ကာယလေ့ကျင့်ခန်းအတွင်း ကာယလေ့ကျင့်နေမှုနှင့် ကွန်ပျူတာခန်းအတွင်း လေ့ကျင့်သင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးသည်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက် ပညာရေးကော်မတီနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လူငယ်မောင်မယ်များက "လူငယ်ဆိုတာ" နှင့် "လူငယ်စွမ်းရည်" တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ပြီး "မြေလျှင်ဘေးဒဏ်ပြန်လည်ထူထောင်ရေးနှင့် မြန်မာနိုင်ငံသားတို့၏ စွမ်းရည်မွန်မြတ်သည့် ဂုဏ်ဒြပ်နှင့်အနာဂတ်လူငယ် အုတ်တစ်ချပ်သဲတစ်ပွင့်" Video Clip တို့ကို ပြသသည်။

ယင်းနောက် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လူငယ်များသည် နိုင်ငံ၊ မိဘနှင့် လူမှုအသိုက်အဝန်းကို ချစ်ခင်မြတ်နိုးရန် လိုအပ်ပြီး ကြားစကားများကို သတိထားရမည်ဖြစ်ကာ စာပေကို ဖတ်ရှုမှတ်သား၍ မိမိဘဝတိုးတက်ရန်နှင့် ဝေဖန်ပိုင်းခြားနိုင်ရန် ကြိုးစားသွားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဆူရီကုမ္ပဏီလီမိတက်က လူငယ်စင်တာအတွက် ကျပ်သိန်း ၅၀ အား ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လူငယ်စင်တာအတွက် လူထုသိပ္ပံကျမ်းနှင့် မှန်နန်းရာဇဝင် စာအုပ်တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က လက်ခံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လူငယ်များအတွက် MRTV DTH စလောင်း ၂၀ ကို မဲဖောက်လှူဒါန်းပေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းများတွင် လူငယ်များ ပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ပြည်သူ့နီတိနှင့် နိုင်ငံ့သားကောင်းဖြစ်မှု ကော်မတီမှ လူငယ်မောင်မယ်များက "ပန်းတိုင်းပွင့်ပါစေ" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဂုဏ်ပြုငွေနှင့် ပန်းခြင်းအား ပေးအပ်ချီးမြှင့်ခဲ့သည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည့် မြန်မာနိုင်ငံဂီတနေ့အထိမ်းအမှတ် ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲသို့ တက်ရောက်အားပေးကြသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) နှင့် မြို့နယ်ဂီတအစည်းအရုံးများမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဂီတလောကမှ အနုပညာရှင်ကြီးများအပါအဝင် ဂီတအနုပညာရှင်များ၊ ဖိတ်ကြားထားသည့် စာပေ၊ ရုပ်ရှင်နှင့် သဘင်အနုပညာရှင်များ၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာမှ လူငယ် ၅၀ နှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

တေးဂီတဖျော်ဖြေပွဲမစတင်မီ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာနိုင်ငံဂီတနေ့ အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်မွန်အဖြစ် "ကျောက်စီပန်းချီကား"ကို မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်ထံ ပေးအပ်သည်။

**သီဆိုဖျော်ဖြေ**

ထို့နောက် တေးဂီတဖျော်ဖြေပွဲကို အစီအစဉ်အတိုင်း ကျင်းပရာ နိုင်ငံကျော်တေးသံရှင်များ ဖြစ်ကြသည့် နွဲ့ယဉ်ဝင်း၊ ဂျက်မြသောင်း L ဆိုင်းဇီ၊ ရဲထိုက်၊ မေလသံစဉ်၊ သဟာအောင်၊ မင်းစည်သူ၊ JB၊ နိုနို၊ မိုးသူနှင့် နှင်းနှင်းအောင်တို့က စုစုပေါင်း တေးသီချင်း ၁၄ ပုဒ်ဖြင့် သီဆိုဖျော်ဖြေကြသည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် တိုင်းရင်းသားပြည်သူများ၏ တိုင်းချစ်ပြည်ချစ်စိတ်နှင့် အမျိုးသားရေးစိတ်ဓာတ်တို့ကို မြှင့်တင်ပေးခဲ့ကြသော သမိုင်းပေးတာဝန် ကျေပွန်ခဲ့ကြသည့် ဂီတပညာရှင်ကြီးများအား ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် ဇွန် ၂၇ ရက်ကို မြန်မာနိုင်ငံဂီတနေ့အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ မြန်မာနိုင်ငံဂီတနေ့ အထိမ်းအမှတ်ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV– HD channel နှင့် MRTV Enter–tainmentchannel တို့မှ Friday Night Live Show အဖြစ် တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ပြသခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၂ မှ*

ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတွေ ကျေညက်အောင်၊ လုပ်ထုံးလုပ်နည်းတွေ နားလည်အောင် လေ့ကျင့်ပေးထားဖို့လိုတယ်။

နောက်ဆုံးကတော့ ပြည်သူလူထုပေါ့။ ဒီမိုကရေစီကို အမှန်တကယ်ချစ်မြတ်နိုးရင် ဆန္ဒမဲပေးဖို့လိုတယ်။ ပြည်သူရဲ့ဆန္ဒနဲ့ အစိုးရသစ်ကို ဖွဲ့စည်းကြရမှာဖြစ်တယ်။ လက်ရှိနိုင်ငံတော်အစိုးရရဲ့ ရှေ့လုပ်ငန်းစဉ် ငါးရပ်မှာလည်း ဒါကိုအဓိကထားတယ်ဆိုတာကို သတိချပ်ဖို့လိုတယ်။ တစ်ဖက်မှာလည်း ရွေးကောက်ပွဲကအရေးကြီးတာနဲ့ ထပ်တူငြိမ်းချမ်းရေးကလည်း အထူးအရေးကြီးတယ်။ ထူးခြားတာက အခုအားလုံး စုရုံးပြီးမြင်တွေ့ကြရတယ်။ အားရစရာကောင်းတယ်။ နောက်ထပ်နောက်ထပ် အဖွဲ့တွေလည်း ပူးပေါင်းဆွေးနွေးကြဖို့ လိုအပ်တဲ့အတွက် ဖိတ်ခေါ်ပါတယ်။ အခုလိုဆွေးနွေးပွဲတွေကနေ မတူညီတဲ့ အမြင်တွေ၊ အတွေ့အကြုံတွေကို ရရှိလာပြီး ငြိမ်းချမ်းရေးဖော်ဆောင်နိုင်မယ့် နည်းလမ်းတွေ ထွက်ပေါ်လာနိုင်မယ်။

**သတင်းအဖွဲ့**

---

# Simulator Based System ဖြင့် ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၇**

မြန်မာသင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေးနိုင်ရေးအတွက် လေ့ကျင့်သင်ကြားခြင်း၊ အကဲဖြတ်ခြင်းနှင့် စာမေးပွဲ စစ်ဆေးခြင်းများကို "Simulator Based System" ဖြင့် ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ အထွေထွေမန်နေဂျာ၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်တို့က နားလည်မှုစာချွန်လွှာကို အပြန်အလှန် လက်မှတ်ရေးထိုးကြသည်။





နားလည်မှု စာချွန်လွှာသည် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန်များဖြစ်သော မြန်မာသင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှု အရည်အချင်းပြည့်မီစေရန် သင်္ဘောသားများအား လေ့ကျင့်သင်ကြားခြင်းနှင့် လက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း(STCW Convention) နှင့်အညီ စာမေးပွဲများ စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းတို့ကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီဖြင့် Simulator အဆောက်အအုံနှင့် ရေကြောင်းဘက်ဆိုင်ရာ စာမေးပွဲများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# အမေရိကန်နှင့် ဆွေးနွေးပွဲပြန်လည်စတင်ရန် သဘောတူညီထားခြင်းမရှိသေးဟု အီရန်ပြော

**တီဟီရန် ဇွန် ၂၇**

အမေရိကန်နှင့် စေ့စပ်ညှိနှိုင်းမှုများပြန်လည်စတင်ရန် အစီအစဉ် သို့မဟုတ် ကတိကဝတ်များ ပြုလုပ်ထားခြင်း မရှိသေးကြောင်း ဇွန် ၂၆ ရက်တွင် အီရန်နိုင်ငံခြားရေး ဝန်ကြီး အာဘတ်စ်အာရဂ်ချီက ပြောသည်။

နိုင်ငံပိုင် ရုပ်သံလွှင့်ဌာန အိုင်အာအိုင်ဘီနှင့် အင်တာဗျူးတွင် ဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရန်ဖြစ်နိုင်ခြေကို စဉ်းစားထားသော်လည်း အီရန်နိုင်ငံ၏ အမျိုးသား အကျိုးစီးပွားကို ကာကွယ်ထားခြင်းရှိ မရှိပေါ်မူတည်ကြောင်း၊ နိုင်ငံ၏ အကျိုးစီးပွားပေါ်တွင်မူတည်၍ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ အကျိုးစီးပွားအတွက် ညှိနှိုင်းမှုပြန်လည်လုပ်ဆောင်ရန် လိုအပ်လာပါက စေ့စပ်ညှိနှိုင်းမှုပြန်လည်လုပ်ဆောင်ရန် စဉ်းစားသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။



အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်စ်အာရဂ်ချီ။

သို့သော် ယခုအဆင့်တွင်မူ သဘောတူညီချက် သို့မဟုတ် ကတိကဝတ်များ မရှိသေးသကဲ့သို့ ဆွေးနွေးပွဲလည်းမရှိသေးဟု ၎င်းက ဆက်လက်ပြောကြားသည်။

အစ္စရေးနှင့် ၁၂ ရက်ကြာ ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများကြောင့် အပျက်အစီး များပြားကြောင်းနှင့် အီရန်နိုင်ငံ၏ အဏုမြူစွမ်းအင်အဖွဲ့အစည်း၏ ကျွမ်းကျင်သူများက အသေးစိတ်အကဲဖြတ်မှုများ ပြုလုပ်နေကြောင်း အာရဂ်ချီက ပြောသည်။

အိမ်ဖြူတော် သတင်းထုတ်ပြန်ရေး အကြီးအကဲဖြစ်သူ ကယ်ရိုလိုင်းလာဗစ်က အမေရိကန်သည် အီရန်နှင့် ဆွေးနွေးရန် အစီအစဉ်မရှိကြောင်း အတည်ပြုပြောကြားခဲ့သည်။

ယင်းမတိုင်မီ အစောပိုင်းနေ့ကမူ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နှစ်ဖက်တွေ့ဆုံဆွေးနွေးပွဲမှာ လာမည့်သီတင်းပတ်အတွင်း ဖြစ်နိုင်ဖွယ်ရှိသည်ဟု ပြောကြားခဲ့သည်။

ဆင်ဟွာ

# ထိုင်းနိုင်ငံတောင်ပိုင်းရှိ လူကြိုက်များသော အပန်းဖြေစခန်းများတွင် ဗုံးကဲ့သို့ကိရိယာများ တွေ့ရှိ

**ဗန်ကောက် ဇွန် ၂၇**

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဖူးခက်နှင့် ခရာဘီကဲ့သို့သော ခရီးသွားများ နှစ်သက်ရာနေရာများ အပါအဝင် လူကြိုက်များသော အပန်းဖြေစခန်းများတွင် ဗုံးနှင့်တူသည့် သံသယဖြစ်ဖွယ် ကိရိယာ ၁၀ ခုခန့် တွေ့ရှိခဲ့သည်ဟု သိရသည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ အာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ အဆိုပါကိရိယာများကို ထိုင်းနိုင်ငံ၏နာမည်ကြီး ပတ်ထုံကမ်းခြေနှင့် လေဆိပ်ရှိကားရပ်နားရာ နေရာအပါအဝင် နေရာအများအပြားတွင် ဇွန် ၂၅ ရက်ကတည်းက တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကနေဦး စစ်ဆေးမှုများအရ အဆိုပါပစ္စည်းများကို ဆူညံသံထွက်စေရန် ဒီဇိုင်းထုတ်ထားသော်လည်း အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်ခြင်း မရှိကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ အဆိုပါကိရိယာများကို ဗုံးဖြုတ်သိမ်းရေးအဖွဲ့က ဖျက်သိမ်းခဲ့သည်။

အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ ဆက်စပ်မှုရှိသည်ဟု ယူဆရသူ ငါးဦးကို ဖမ်းဆီးထိန်းသိမ်းထားသည်။

အင်န်အိတ်ချ်ကေ




# တိုယိုတာမော်တော်ယာဉ်ကုမ္ပဏီ၏ ကမ္ဘာ့ရောင်းအား မေလတွင် စံချိန်တင်

**တိုကျို ဇွန် ၂၇**

တိုယိုတာမော်တော်ယာဉ်ကုမ္ပဏီ၏မေလအတွက် ကမ္ဘာလုံးဆိုင်ရာ ရောင်းအားသည် အမေရိကန်ပြည်ထောင်စုကဲ့သို့သော ဈေးကွက်များတွင် တစ်ဟုန်ထိုး ဝယ်လိုအား တိုးတက်မှုကြောင့် သုံးလဆက်တိုက် စံချိန်တင်ခဲ့ကြောင်း ကုမ္ပဏီက ဇွန် ၂၇ ရက်တွင် ထုတ်ပြန်သည်။

မြောက်အမေရိက၊ တရုတ်နှင့် ဂျပန်တို့တွင် နည်းပညာမြင့် မော်တော်ယာဉ်များ ဝယ်လိုအား တိုးတက် ကောင်းမွန်မှုကြောင့် မေလတစ်လတာအတွက် စံချိန်တင် အမြင့်ဆုံးကားအစီးရေ ၈၉၈၇၂၁ စီးအထိ ရောင်းချခဲ့ရပြီး ယခင်နှစ်ကထက် ၆ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ကုမ္ပဏီက ထုတ်ပြန်သည်။

နိုင်ငံ၊ ဒေသအလိုက်အနေဖြင့် အမေရိကန်ပြည်ထောင်စုတွင် ၂၄၀၁၇၆ စီး၊ တရုတ်နိုင်ငံတွင် ၁၄၉၈၈၇ စီး ရောင်းချနိုင်ခဲ့သည်။ ပြည်တွင်းရောင်းချမှုအနေဖြင့် ၄ ဒသမ ၄ ရာခိုင်နှုန်းသာ တိုးတက်ပြီး အစီးရေ ၁၀၆၅၈၆ စီး ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် မေလတွင် ဂျပန်နိုင်ငံ၏ အလုပ်လုပ်ရက်များ လျှော့ချခဲ့ခြင်းကြောင့် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ကမ္ဘာလုံးဆိုင်ရာ ကားထုတ်လုပ်မှု ၀ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းကာ ၈၀၆၆၇၇ စီးသာ ထုတ်လုပ်နိုင်ခဲ့ကြောင်း တိုယိုတာကုမ္ပဏီမှ ဖြည့်စွက်ပြောကြားသည်။

အမေရိကန်နိုင်ငံ၌ ကုမ္ပဏီ၏ ကားထုတ်လုပ်မှုသည် အလုပ်လုပ်ရက် တစ်ရက်လျော့နည်းခြင်းကြောင့် ၁၂၈၅၃၉ စီးသာရှိခဲ့ပြီး ပြည်တွင်းထုတ်လုပ်မှုမှာလည်း ၅ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းကာ ၂၄၁၅၇၀ စီးသာ ရှိခဲ့ကြောင်း ထုတ်ပြန်ထားသည်။

ဆင်ဟွာ






# လာအိုနိုင်ငံ၌ မိုးဆက်လက်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွား

**ဗီယင်ကျန်း ဇွန် ၂၇**

လာအိုနိုင်ငံ၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ရေကြီးမှုဖြစ်ပေါ်ကာ ကျေးရွာအချို့နှင့် အခြားသောနေရာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး အာဏာပိုင်များက ရေကြီးမှုအခြေအနေကို အနီးကပ်စောင့်ကြည့်လျက်ရှိသည်။

**မြစ်ရေလျှင်မြန်စွာတက်လာ**

ဇွန် ၂၇ ရက် အစောပိုင်းတွင် မန်းခရိုင်ရှိ ကျေးရွာအချို့မှာ မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းမှုနှင့်တွေ့ကြုံခဲ့ပြီး မြစ်ရေလျှင်မြန်စွာတက်လာကာ ရေကြီးနစ်မြုပ်မှု ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်ခဲ့သည်။ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းများနှင့် ရေကန်များ ရေလျှံကာ နေအိမ်များ၊ ဆေးရုံများ၊ တံတားများနှင့် စိုက်ပျိုးရေးစိုက်ခင်းများ ရေနစ်မြုပ်ခဲ့သည်။ လမ်းအများအပြားပျက်စီးခဲ့ပြီး ဒေသခံများ၏ ကျေးရွာများကြား နေ့စဉ်သွားလာလှုပ်ရှားမှုကို ခက်ခဲစေခဲ့သည်ဟု လာအိုအမျိုးသား ရေဒီယိုက ဇွန် ၂၇ ရက်တွင် ဖော်ပြခဲ့သည်။

**ရံဖန်ရံခါလေပြင်းများ တိုက်ခတ်နိုင်**

ဒေသအတွင်းနေရာအနှံ့အပြား၌ ကွက်ကြားမိုးအနည်းငယ်မှ အလယ်အလတ်အဆင့်အထိ မိုးရွာသွန်းနိုင်ကြောင်း၊ အချို့သောနေရာများတွင် မိုးသည်းထန်စွာရွာသွန်းနိုင်ပြီး ရံဖန်ရံခါလေပြင်းများ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ပြောသည်။

ဆင်ဟွာ

# ဗီယက်နမ်၌ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေး စင်တာများတည်ထောင်ရန် ဆုံးဖြတ်ချက်အတည်ပြု

**ဟန္နိုင်း ဇွန် ၂၇**

ဗီယက်နမ်နိုင်ငံတောင်ပိုင်း၏ အချက်အချာကျသော ဟိုချီမင်းနှင့်ဒါနန်းမြို့လယ်တို့တွင် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးစင်တာများ တည်ထောင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို ဗီယက်နမ်အမျိုးသားလွှတ်တော်က ဇွန် ၂၇ ရက်တွင် အတည်ပြုလိုက်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြသည်။

**ပတ်ဝန်းကျင်တစ်ခုဖန်တီးရန် ရည်ရွယ်**

ဗီယက်နမ်နိုင်ငံက ငွေကြေးအရင်းအနှီးစီးဆင်းမှုကို မြှင့်တင်ရန်၊ အဓိကကျသော ဈေးကွက်များဖွံ့ဖြိုးတိုးတက်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်သော ငွေကြေးဆိုင်ရာစွမ်းရည်များတည်ဆောက်ရန်အတွက် ငွေကြေးဝန်ဆောင်မှု ရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်မှုရှိသော ပတ်ဝန်းကျင်တစ်ခုဖန်တီးရန် ရည်ရွယ်ထားကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။

**အရင်းအမြစ်များကို စုစည်းရန် မျှော်လင့်**

အဆိုပါစင်တာများသည် အစိမ်းရောင်ဘဏ္ဍာရေးကဏ္ဍကို မြှင့်တင်ရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးရန်အတွက် အစိမ်းရောင်စွမ်းအင်အသွင်ကူးပြောင်းမှုအတွက် အရင်းအမြစ်များကို စုစည်းရန်လည်း မျှော်လင့်ထားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဗီယက်နမ်အစိုးရက ဗျူဟာမြောက်ရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံတကာ ဘဏ္ဍာရေးကျွမ်းကျင်သူများကို ဆွဲဆောင်ရန်အတွက် အခွန်၊ နိုင်ငံခြားငွေလဲလှယ်နှုန်း၊ ဘဏ္ဍာရေးဆိုင်ရာနည်းပညာ၊ အလုပ်အကိုင်နှင့် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကို အထူးအလေးထားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဆင်ဟွာ

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၇**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ မေတ္တာကန်၊ ဆွမ်းဦးပုညရှင်စေတီနှင့် မဟာစေတီလှစေတီတို့အား အပြီးသတ်ဖယ်ရှားရှင်းလင်းပြီးနောက် စေတီတော်လုံးပတ်ပြန်လည်ပြုပြင်တည်ဆောက်နေမှု အခြေအနေများ၊ စေတီတော်နှင့် မေတ္တာကန်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်နေမှုအခြေအနေများနှင့် မဟာစေတီလှ စေတီအသစ်တစ်ဖန်ပြန်လည်တည်ထားကိုးကွယ်မည့်မြေနေရာအား ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများ၊ ဣန္ဒကာရာမကျောင်းတိုက်၊ တောလေးထပ်ကျောင်းတိုက်၊ ရွှေဟင်္သာတိုက်သစ်၊ ရွှေမုဋ္ဌောစေတီနှင့် နဝလောဟာကျောင်းတိုက်များ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများကို အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များ ပေးအပ်သည်။ ယင်းနောက် ချမ်းသာကြီးဘုရားသို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စေတီတော်ကြီး၏အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းပညာရေး ဒီဂရီကောလိပ်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျောင်းဆောင်များကို ရှင်းလင်းနေမှုအခြေအနေများ၊ စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများ ယာယီနေထိုင်နိုင်ရန်အတွက် ရွာထောင်ရပ်ကွက်တွင် Modular House များ ရောက်ရှိနေရာချထားမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး မဟာစည်းခုံကြီးစေတီတော် ပရိဝုဏ်အတွင်း၌ ငလျင်ဘေးသင့်ပြည်သူများအတွက် Modular House များ ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် သာသနဗိမာန် ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပို ရွှေမုဋ္ဌောစေတီတော်နှင့် နဝလောဟာကျောင်းတိုက်ရှိအပျက်အစီးများ ရှင်းလင်းနေမှုကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော လူနေအဆောက်အအုံများအား စက်ယန္တရားကြီးအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်သင့် ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများ၊ တပ်မတော်ရေသန့်စက်ယာဉ်ဖြင့် ဧရာဝတီမြစ်ရေကိုသန့်စင်၍ သန့်ရှင်းသော သောက်သုံးရေများပေးဝေနိုင်ရေး ဆောင်ရွက်နေမှုတို့ကို ကြပ်မတ်ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မင်းရှင်စော တည်ထားကိုးကွယ်တော်မူသည့် ရွှေကျီးမြင်မြတ်စွာဘုရားသို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော စေတီတော်နှင့် ဂန္ဓကုဋိတိုက်အား ပြန်လည်ပြုပြင်တည်ဆောက်နေမှု အခြေအနေများနှင့် အပျက်အစီးများအား အဖွဲ့အစည်းအသီးသီးမှ အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်ရှိ မြင်းဝန်မင်းကြီးကျောင်းတိုက်သို့ရောက်ရှိပြီး ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော အလယ်တိုက်ကျောင်း၊ ရွှေကျောင်း၊ တတိုက်လုံးကျောင်း၊ ဥယျာဉ်ကျောင်းများရှိ အပျက်အစီးများအား တပ်မတော်သားများနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကိုလည်းကောင်း၊ အသစ်ပြန်လည်တည်ဆောက်မည့် ကျောင်းဆောင်မြေနေရာ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားပြီး လုပ်အားပေးဆောင်ရွက်နေသူများအား စားသောက်ဖွယ်ရာများပေးအပ်၍ ကျောင်းထိုင်ဆရာတော်ကြီးအား အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အမရပူရမြို့နယ် မှန်တန်းရပ်ကွက်ရှိ အဓိဋ္ဌာန်ထက်မြပုခက် နန်းဦးဆုတောင်းပြည့် စေတီတော်သို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မင်းရှင်စော တည်ထားကိုးကွယ်တော်မူသည့် ရွှေကျီးမြင်မြတ်စွာဘုရားရှိအပျက်အစီးများ အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှု ကြည့်ရှုအားပေးစဉ်။

❒ *ကျောဖုံးမှ*


ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်း တာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၇-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၈-၆-၂၀၂၅ ရက်နေ့မှ ၂၉-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၇-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၃၀-၆-၂၀၂၅ ရက်နေ့မှ ၁-၇-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ




# ရန်ကုန်တိုင်းဒေသကြီးအတွင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၇**

ရန်ကုန်တိုင်းဒေသကြီး အတွင်း စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ တွေ့ဆုံခြင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ပြုလုပ်ရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့် (အငြိမ်းစား)၊ ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ နာယက ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ ဗဟိုဌာနချုပ်မှ တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌက အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်း



အဖွဲ့ဝင်များက အသက် ၉၅ နှစ်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ချီးမြှင့်ငွေများပေးအပ်နိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက ပြန်လည် ဆွေးနွေးပြောကြားသည်။

ယင်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ ပေးအပ်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် အခြေခံစားသောက်ကုန်များနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်

**လွိုင်ကော် ဇွန် ၂၇**
ကယားပြည်နယ်အစိုးရအဖွဲ့က အစိုးရစက်မှုလက်မှု သိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေ၊ အခြေခံစားသောက် ကုန်များနှင့် ကျောင်းသုံးစာရေးကိရိယာများ ချီးမြှင့် ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ အစိုးရစက်မှုလက်မှုသိပ္ပံ(လွိုင်ကော်)ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာ စကားပြောကြားပြီး ကျောင်းသား ကျောင်းသူများ ကျောင်းဖွင့်ချိန် စားသောက်မှုအဆင်ပြေစေရေး အတွက် ချီးမြှင့်ငွေများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်း များနှင့် ကျောင်းသား ကျောင်းသူများအတွက် အခြေခံစားသောက်ကုန်များ ပေးအပ်ရာ ကျောင်းအုပ် ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးက ကျောင်းငွေပဒေသာပင် ချီးမြှင့်ငွေများနှင့် ကျောင်းသုံးစာရေးကိရိယာများကို လည်းကောင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးက စားဖိုဆောင် ချက်ပြုတ်ရေးအဖွဲ့အတွက် တစ်နှစ်စာ ချီးမြှင့်ငွေနှင့် ကျောင်းသုံးစာရေးကိရိယာများကို လည်းကောင်း၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်၊ အလှူရှင်များက ကျောင်းဘက်စုံအသုံးပြုနိုင်ရန်အတွက် လှူဒါန်း ငွေများကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ကျောင်းအုပ်ကြီးက အစိုးရစက်မှု လက်မှုသိပ္ပံ(လွိုင်ကော်) နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း ဖွင့်လှစ်ပညာသင်ကြားနေ မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အလုပ်ရုံအတွင်း ကျောင်းသူ ကျောင်းသားများ လက်တွေ့ပြုလုပ်ထားသည့်



မြို့ပြလျှပ်စစ်နှင့် အင်ဂျင်နီယာလုပ်ငန်းများ၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းနှင့် စက်မှုလုပ်ငန်း သုံးလျှပ်စစ်မော်တာ ထိန်းချုပ်စနစ်များ ဆောင်ရွက် ထားရှိမှု၊ ကျောင်းသူ ကျောင်းသားများနှင့် ဆရာ ဆရာမများ အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ ကျောင်းအုပ်ကြီးရုံးခန်းနှင့် စာကြည့်တိုက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပျဉ်းမနားမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၇**
နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် တာဝန်ရှိသူ များနှင့်အတူ ယနေ့နံနက်ပိုင်းက ပျဉ်းမနား မြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း များ ကွင်းဆင်းကြည့်ရှုစစ်ဆေး သည်။



ဦးစွာ နေပြည်တော်ကောင်စီ ဝင် ဗိုလ်မှူးကြီးရဲမိုးသည် တာဝန် ရှိသူများနှင့်အတူ ငကောင်းကံ ကျေးရွာ၌ စိုက်ပျိုးထားသော အောင်နိုင်တိုး၊ ရေဆင်းပေါ်ဆန်း မွေး မျိုးသန့်မျိုးစေ့ထုတ် စိုက်ခင်း မျိုးကွဲပယ်ခြင်းများ ဆောင်ရွက် နေမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် မျိုးစေ့ ထုတ်စိုက်ကွက်အတွင်း ပိုးမွှား အန္တရာယ်များ ကင်းရှင်းရေး၊ ပေါင်းမြက်များ ကင်းရှင်းရေးနှင့် အပင်ပွားနှုန်းများ စစ်ဆေးခြင်း ဆောင်ရွက်ရန်လိုကြောင်း၊ ပိုးမွှား ရောဂါများ မကျရောက်စေရေး အတွက် မြေဩဇာများအချိုးကျ မှန်ကန်စွာ အသုံးပြုတတ်စေရန် နှင့် ဒေသခံတောင်သူများ ကိုယ်တိုင် သဘာဝမြေဩဇာများ ကို ပြုလုပ်သုံးစွဲနိုင်ရန်အတွက် လိုအပ်သည့် နည်းပညာများကို သက်ဆိုင်ရာ တာဝန်ရှိသူများ က ပူးပေါင်းဆောင်ရွက်ပေးရန် လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် နတ်သရဲကျေးရွာသို့ ရောက်ရှိပြီး ဆည်ရေသောက်ဧရိယာ အားလုံး အတွင်း စိုက်ပျိုးရေလုံလောက်မှု ရှိစေရေး၊ ရေသွင်းစိုက်ပျိုးသည့် မိုးစပါးအပြင် သီးထပ်သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုး ရေလုံလောက်မှု ရှိစေရေးနှင့် စိုက်ခင်းများအတွင်းရှိ ရေသွင်း/ ရေထုတ်မြောင်းများအား ရေစီး ရေလာ ကောင်းမွန်စေရေးကို စနစ်တကျ ဆောင်ရွက်သွားရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

**ပြောင်းလဲအသုံးပြုနိုင်**

ထို့နောက် နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် ကျီးအင်းကျေးရွာ ဦးကျော်သန့် ဇင်၏ မွေးမြူရေးခြံရှိ ဥစားကြက်၊ အသားစားကြက် မွေးမြူထားရှိ မှုအခြေအနေများကို ကြည့်ရှု အားပေးပြီး မွေးမြူရေးခြံပတ်ဝန်း ကျင် သန့်ရှင်းသာယာလှပစေ ရေး၊ တိရစ္ဆာန်အညစ်အကြေး များ စနစ်တကျစုပုံ၍ မြေဩဇာ အဖြစ် ပြောင်းလဲအသုံးပြုနိုင် ရေး မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် သနပ္ပင်ဆိပ်ကျေးရွာ ဒေါ်သန္တာ ထိုက်၏ မျိုးဝက်မခြံနှင့် အသား တိုးဝက်မွေးမြူထားရှိမှု အခြေ အနေများကို ကြည့်ရှုစစ်ဆေး ပြီး တာဝန်ရှိသူများ၏ တင်ပြ ချက်များအပေါ် မွေးမြူရေး လုပ်ငန်းများ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ရန်၊ မိမိတို့ မွေးမြူထားသည့် အသားတိုး ဝက်များတွင် ဖြစ်ပွားတတ်သည့် ရောဂါနှင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို လေ့လာ၍ စနစ် တကျမွေးမြူသွားကြရန်၊ ဒေသ တွင်းစားရေရိက္ခာ ဖူလုံပိုလျှံရေး အတွက် လက်ရှိမွေးမြူသည့် အကောင်ရေထက် ပိုမိုတိုးတက် မွေးမြူ ထုတ်လုပ်ကြရန်နှင့် တိရစ္ဆာန်အစာကို ကိုယ်တိုင် ထုတ်လုပ်နိုင်သည်အထိ ကြိုးပမ်း ဆောင်ရွက်သွားရန် မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပထမဆုံးအကြိမ် Teqball အားကစားနည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်

**ရန်ကုန် ဇွန် ၂၇**
အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာ နိုင်ငံ Teqball အားကစားအဖွဲ့ ချုပ်က(၃၃)ကြိမ်မြောက် အရှေ့ တောင်အာရှ အားကစားပြိုင်ပွဲ တွင် ပထမဆုံးအကြိမ် Teqball အားကစားနည်း ဝင်ရောက် ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း ယနေ့နံနက်က ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံဝင်းရှိ မြန်မာနိုင်ငံ Teqball အားကစား လေ့ကျင့်ရေးရုံ၌ ပြုလုပ်သည့် လူရွေးပွဲနှင့် မိတ်ဆက်ပွဲမှ သိရ သည်။

အဆိုပါ Teqball အားကစား နည်းသည် ဘောလုံး၊ စားပွဲတင် တင်းနစ်နှင့် ပိုက်ကျော်ခြင်း အားကစားနည်း သုံးမျိုးပေါင်းစပ် ထားဟန်ရှိသည့် ကစားနည်း ဖြစ်ကာ ဟန်ဂေရီနိုင်ငံမှစတင် ကစားခဲ့ကြောင်းနှင့် လက်ရှိ ဟန်ဂေရီအခြေစိုက် အပြည်ပြည် ဆိုင်ရာ တက်ဘောအားကစား အဖွဲ့ချုပ်တွင် အဖွဲ့ဝင်နိုင်ငံ ၁၂၀ ကျော်ရှိပြီး ကမ္ဘာ့နိုင်ငံများတွင် ယှဉ်ပြိုင် ကစားလျက်ရှိကြောင်း သိရသည်။

(၃၃)ကြိမ်မြောက် အရှေ့ တောင်အာရှ အားကစားပြိုင်ပွဲ တွင် အိမ်ရှင်ထိုင်းနိုင်ငံက ပြိုင်ပွဲ အမျိုးအစား အမျိုးသားတစ်ဦး ချင်း၊ အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသမီး နှစ်ယောက်တွဲ၊ အမျိုးသမီး+ အမျိုးသားအတွဲ ပြိုင်ပွဲထည့်သွင်း ထား၍ မြန်မာနိုင်ငံမှ အတန်း ပြည့် ဝင်ရောက်ယှဉ်ပြိုင်သွား မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**


အမျိုးသားနှစ်ယောက်တွဲ Teqball အားကစားနည်း လေ့ကျင့်နေမှုကို တွေ့ရစဉ်။

# ထားဝယ်ခရိုင်လူထုအခြေပြုဗဟိုဌာန၌ အခမ်းအနားမှူးသင်တန်းဖွင့်လှစ်

**ထားဝယ် ဇွန် ၂၇**
တနင်္သာရီတိုင်းဒေသကြီး အစိုးရ အဖွဲ့၏ စီမံမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့တို့ ပူးပေါင်းကျင်းပသော အခြေခံပညာကျောင်းပေါင်းစုံမှ ဆရာမနှင့် ကိုယ်ပိုင်အထက်တန်း ကျောင်းများမှ ကိုယ်စားလှယ်များ အား အခမ်းအနားမှူးသင်တန်းကို ထားဝယ်ခရိုင် လူထုအခြေပြုဗဟို ဌာန၌ ဇွန် ၂၆ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်သည်။

သင်တန်းတွင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ခိုင်က အခမ်းအနားမှူး ဆိုသည်မှာ အစည်းအဝေး၊ ဆွေး နွေးပွဲ၊ လှူဒါန်းပွဲ၊ ဖွင့်ပွဲအခမ်း အနား၊ သင်တန်း၊ ဘာသာရေး အခမ်းအနား စသည်များတွင် အခမ်းအနားပြီးစီးအောင် တာဝန် ထမ်းဆောင်ခြင်းကို အခမ်းအနား



မှူးဟု ခေါ်ဆိုကြောင်းနှင့် အခမ်း အနားမှူးတစ်ဦးတွင် သိရှိလိုက်နာ ရမည့်အချက်များ၊ ဆောင်ရန် ရှောင်ရန်အချက်များကို ရှင်းလင်း ဆွေးနွေးပြောကြားသည်။

သင်တန်းတွင် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးနှင့် လက် ထောက် ညွှန်ကြားရေးမှူးတို့က အခြေခံပညာ ကျောင်းပေါင်းစုံမှ ဆရာမ ၃၀ အား Master of Ceremony (M.C) တစ်ဦးတွင် ရှိရ မည့် အဓိကအရည်အချင်းများ၊ အခမ်းအနားမှူး တစ်ယောက်၏ အရည်အချင်း၊ အခမ်းအနားမှူး၏ ဝတ်စားဆင်ယင်မှု၊ အသံအနေ အထား၊ မိုက်ခရိုဖုန်းနှင့် ပြောဆို ရမည့် နည်းလမ်းများ၊ အသံ အဖြတ်အတောက်၊ အနိမ့်အမြင့် အသုံးအနှုန်းများ၊ အကြောင်းများ စသည်တို့ကို စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြား ပြသပေးမည် ဖြစ်ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

## ကျိုင်းတုံမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ကျိုင်းတုံ ဇွန် ၂၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက ကျိုင်းတုံ-လွိုင်မွေ လမ်းဘေး မိုင်တိုင် (၁၂/၀)၌ ကျင်းပသည်။

ဦးစွာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်က အမှာစကားပြောကြားပြီး ကျိုင်းတုံ-လွိုင်မွေလမ်း၊ လွိုင်မွေ-ပန်ကွဲလမ်းနှင့် ပန်ကွဲကျေးရွာအနီးရှိ ဗုဒ္ဓဥယျာဉ်အတွင်း သစ်ပင်စိုက်ပျိုးခြင်းအတွက် ကူညီပံ့ပိုးပေးသည့် ကျိုင်းတုံမြို့ နဂါးနှစ်ကောင်ကုမ္ပဏီမှ ဦးအောင်ခင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးတင်လင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးခိုင်တို့က သစ်ပင်များ စိုက်ပျိုးရန်အတွက် ပျိုးပင်များပေးအပ်ရာ ဒေသခံတိုင်းရင်းသားများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လက်ခံရယူပြီး ချယ်ရီ၊ ထင်းရှူး၊ စိန်ပန်းပြာ၊ မန်ကျည်းရှား စုစုပေါင်း ပျိုးပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



## ဒဂုံမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဗီနိုင်းချိတ်ဆွဲထားရှိမှုများအား ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇွန် ၂၇**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် အခွန်ဆိုင်ရာ အသိပညာပေးကြော်ငြာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြော်ငြာချက်ဗီနိုင်းချိတ်ဆွဲခြင်းကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်စွာမြင့်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ပူးပေါင်း၍ ဒဂုံမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် ''နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ''ဟူသော ကြော်ငြာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**



## မန္တလေး မဟာအောင်မြေမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှု ကွင်းဆင်းစစ်ဆေး

**မန္တလေး ဇွန် ၂၇**
မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ယနေ့ နံနက်ပိုင်းက ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသောဆိုင်များတွင် အခွန်ဆိုင်ရာ အသိပညာပေးကြော်ငြာချက်နှင့် ပတ်သက်၍ အများပြည်သူသိရှိနိုင်ရန် အသိပေးကြော်ငြာသည့် ဗီနိုင်းများ ချိတ်ဆွဲထားရှိမှုတို့ကို ပူးပေါင်းအဖွဲ့က ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါပူးပေါင်းအဖွဲ့တွင် ပြည်တွင်းအခွန်များဦးစီးဌာန မဟာအောင်မြေမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးထွန်းနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများပါဝင်ပြီး "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ"ဟူသော ကြော်ငြာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် ချိတ်ဆွဲထားရှိမှုအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**




## မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ခြင်းအတွက် အာမခံအကာအကွယ်လျော်ကြေးငွေပေးအပ်

**ရန်ကုန် ဇွန် ၂၇**
မန္တလေးငလျင်ကြီးကြောင့်မန္တလေး တိုင်းဒေသကြီး အမှတ် ၁၄(ခ) အကွက်(၅၈၇) မုတ်ပုလဲရွာ




နတ်ရေကန်အုပ်စု အမရပူရမြို့နယ်ရှိ UMT Co.,Ltd အဆောက်အအုံ ထိခိုက်ပျက်စီးမှုအတွက် သဘာဝဘေးအန္တရာယ် အကာအကွယ်လျော်ကြေးငွေ ပေးအပ်ပွဲကို ဇွန် ၂၇ ရက်က ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီ (GWI)၏ မန္တလေးရုံးခွဲတည်ရှိရာ င-၂၆၊ ၁၀၅ လမ်း၊ ၆၅ X ၆၆ လမ်းကြား၊ မြို့သစ်(၁) ချမ်းမြသာစည်မြို့နယ်၌ ပြုလုပ်သည်။

အဆိုပါ လျော်ကြေးပေးအပ်ပွဲတွင် GWI မှ တာဝန်ရှိသူတစ်ဦးက လျော်ကြေးငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ အာမခံလုပ်ငန်းတွင် လူများ၏အသက်၊ အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်းနှင့် ကြုံတွေ့သည့်အခါ ပြန်လည်ကုစားရန်၊ ပြန်လည်ထူထောင်ရန် ငွေကြေးအထောက်အပံ့ပေးသော လုပ်ငန်းမျိုးဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အာမခံလျော်ကြေးငွေကျပ်သိန်း၂၅၀၀ကို ပေးအပ်ရာ UMT Co.,Ltd မှ တာဝန်ရှိသူက အာမခံလျော်ကြေးငွေကို မြန်ဆန်စွာ ညှိနှိုင်းပေးမှုအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**အာကာလင်း**

## ပျဉ်းမနားမြို့နယ်၌ အခွန်ပညာပေးဆွေးနွေး

**ပျဉ်းမနား ဇွန် ၂၇**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပျဉ်းမနားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးမြင့်အောင်က အမှာစကားပြောကြားပြီး ပျဉ်းမနားမြို့နယ် အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဦးက တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအား ရှင်းလင်းပြောကြားသည်။

**မျိုးသီဟ(ပြန်/ဆက်)**



## ထန်းတပင်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဗီနိုင်းချိတ်ဆွဲထားမှု ကွင်းဆင်းစစ်ဆေး

**ထန်းတပင် ဇွန် ၂၇**
ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ယနေ့နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ယဉ်မီမီချိုနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ပူးပေါင်း၍ ထန်းတပင်မြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသောဆိုင်များတွင် ''နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင်အခွန်ဆောင်ပါ''ဟူသော ကြော်ငြာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**






## လပွတ္တာမြို့နယ်၌ အခွန်ပညာပေးဆွေးနွေးပွဲကျင်းပ

**လပွတ္တာ ဇွန် ၂၇**
ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က လပွတ္တာမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် လပွတ္တာမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးရဲခေါင်ထွန်းက ပြည်တွင်းအခွန်များဦးစီးဌာန၏ လိုက်နာကျင့်သုံးနေသော အခွန်ဆိုင်ရာဥပဒေများ၊ တာဝန်ယူကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများလိုက်နာဆောင်ရွက်ရန် အချက်များ၊ အခွန်အကြောင်း သိကောင်းစရာများ၊ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့် တည်ဆဲအခွန်များဥပဒေအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ

**မုံရွာ ဇွန် ၂၇**
၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့သစ်ရပ်ကွက် ပြည်ထောင်စုလမ်းဘေးဝဲယာ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က သတ်မှတ်နေရာ၌ စိန်ပန်းကြီးပျိုးပင်ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာသူများက သတ်မှတ်နေရာများ၌ နှစ်ပေနှင့်အထက် နှစ်နှစ် သားအရွယ်ရှိ သစ်မျိုး ရှစ်မျိုး စုစုပေါင်းပျိုးပင် ၁၂၅၀ ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် မုံရွာမြို့ အရှေ့ဘက်ကန်သာယာကန်၌ ကျင်းပပြုလုပ်သည့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့တက်ရောက်ပြီး ကန်အတွင်း ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ၅၀၀၀၀ လွှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



## စိုက်ပျိုးရေးနှင့်နည်းပညာဆိုင်ရာပြပွဲကာလအတွင်း နည်းပညာသိကောင်းစရာများ ဆွေးနွေးဟောပြောပို့ချမည်

**ရန်ကုန် ဇွန် ၂၇**
စိုက်ပျိုးသုံးပစ္စည်းများ၊ စားသောက်ကုန်နှင့် လယ်ယာသုံးပစ္စည်းများ၊ ဆိုလာနှင့် လျှပ်စစ်ပစ္စည်းများကို တစ်နေရာတည်းတွင် ကြည့်ရှုလေ့လာနိုင်မည့် စိုက်ပျိုးရေးနှင့် နည်းပညာဆိုင်ရာပြပွဲ ၂၀၂၅ ကို ဇွန် ၂၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်ဝင်းအတွင်းရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာတွင် ဖွင့်လှစ်ကျင်းပသည်။

ယင်းပြပွဲတွင် စိုက်ပျိုးရေးလုပ်ငန်း၌ အသုံးပြုသည့် ဘက်စုံသုံးလယ်ထွန်စက်များ၊ ဆန်စက်နှင့် ဆန်စက်အပိုပစ္စည်းများ၊ သီးနှံအခြောက်ခံစက်များ၊ ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများ၊ ထရန်စဖော်မာ၊ ဆိုလာ၊ အင်ဗာတာနှင့် လျှပ်စစ်ပစ္စည်းများ၊ ဟိုတယ်သုံးပစ္စည်းများဖြစ်သည့် ပန်းကန်၊ ခွက်များ သာမက ဟိုတယ်သုံး ရေခဲသေတ္တာနှင့် ပြည်တွင်းထုတ်ဝိုင်များကိုပါ ပြသထားသည်။



ထို့ပြင် စိုက်ပျိုးထုတ်လုပ်သူများအတွက် မြန်မာနိုင်ငံသစ်သီးဝလံပန်းမန် စိုက်ပျိုးထုတ်လုပ်သူများအသင်းကြီး၏ ဦးဆောင်စီစဉ်မှုဖြင့် ဆွေးနွေးဟောပြောပွဲများကို ကျင်းပသည်။

ပြပွဲဒုတိယနေ့ဖြစ်သည့် ဇွန် ၂၈ ရက်တွင် ကမ္ဘာက သတိပြုမိလာသော မြန်မာ့အထူးတန်းကော်ဖီ၊တောင်သူအားလုံးအတွက် ဘေးကင်းလုံခြုံသည့် ဥယျာဉ်ခြံသီးနှံစီမံထုတ်လုပ်နည်း၊ စွမ်းအားမြင့် အော်ဂဲနစ်မြေဩဇာများကို သိပ္ပံနည်းကျ ထုတ်လုပ်ခြင်း၊ အာမခံချက်ရှိသည့် သီးနှံများ စိုက်ပျိုးထုတ်လုပ် တင်ပို့ခြင်း၊ တောင်သူအားလုံး ပါဝင်သော သီးနှံတန်ဖိုးမြှင့် ကွင်းဆက်စီမံချိတ်ဆက်ခြင်း နည်းပညာသိကောင်းစရာများကို ပညာရှင်များက ပြပွဲခန်းမတွင် ဆွေးနွေးဟောပြောကြမည်ဖြစ်သည်။

ပြပွဲနောက်ဆုံးနေ့ဖြစ်သည့် ဇွန် ၂၉ ရက်တွင် မြန်မာ့ကော်ဖီ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ဈေးကွက်သစ်အလားအလာသိကောင်းစရာများကို ဟောပြောမည်ဖြစ်၍ မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

ပြပွဲပြသသည့် ရက်အတွင်း နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်သည်။

**မျိုးမင်းသူရ**

## ရွှေဘိုမြို့၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရွှေဘို ဇွန် ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ (၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားကို ယမန်နေ့က အမှတ်(၈) စစ်အခြေခံလေ့ကျင့်ရေးတပ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသောင်းတင်ထွေးက ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှပေးပို့သည့် သဝဏ်လွှာကိုဖတ်ကြားပြီး အတွင်းရေးမှူး ခေတ္တခရိုင် ရဲတပ်ဖွဲ့မှူးက ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများအား မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အသိပညာပေးဗီဒီယိုကို ပြသသည်။

ထို့နောက် တာဝန်ရှိသူများများက မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်နေရာများ၌ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## မကွေးမြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**မကွေး ဇွန် ၂၇**
မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မကွေးမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးတင်ကိုဝင်း၊ တိုင်းဒေသကြီးပညာရေးမှူး ဒေါက်တာကျော်စိုးနိုင်နှင့် မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားကို အဆိုပါကျောင်း ကံ့ကော်ခန်းမ၌ ဆက်လက်ကျင်းပရာ မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးက အမှာစကား ပြောကြားသည်။

ထို့နောက် အမြဲမပြတ် လေ့လာသင်ယူရေး စကားဝိုင်း (Never Stop Learning Talk Show) ကို ဆက်လက်ကျင်းပရာ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကိုဖော်ကျူးသည့် စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင် ရေးသားသော "သူ့ကျွန် မခံပြီ" ဝတ္ထုကို ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးရာရှိ ဒေါ်ဝင်းအိမွန်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူ လေးဦးတို့က စာဖတ်ဝိုင်းဆွေးနွေးပွဲ ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးတင်ကိုဝင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးတို့က အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများနှင့် အမြဲမပြတ် လေ့လာသင်ယူရေး စကားဝိုင်း (Never Stop Learning Talk Show) တွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းနှင့် အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**



❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



## ဝါးခယ်မမြို့နယ်၌ သွင်းအားစု၊ မျိုးစပါးများပေးအပ်

**ဝါးခယ်မ ဇွန် ၂၇**
ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် သမဝါယမဦးစီးဌာနမှ ပြည်ထောင်စု လူမှုစီးပွားမြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကြခတ်ကုန်းကျေးရွာ၊ တိုးပွားအောင် စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသားများအား သွင်းအားစုပေးအပ်ပွဲကို ဇွန် ၂၅ ရက်က ကြခတ်ကုန်းကျေးရွာ၌ ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တူးတူးလွင်က ကြခတ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသားများနှင့် တွေ့ဆုံကာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အသင်းသား ၃၀၊ စိုက်ပျိုးဧက ၉၀ အတွက် ငွေကျပ် သိန်း ၁၈၀ တန်ဖိုးရှိ အောင်နိုင်တိုးစပါးမျိုးများ၊ သွင်းအားစုများအား ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**လွှမ်းသီဟ(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်သည်။

ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (၀) မိုင်၊ ခါလာကြီးထမင်းဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး၊ လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၃၃၆၄၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး၊ Hyundai Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀၀၀ ကို လည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၉၃၈၆၉၅) ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၅၀၀၀၀၀) ကို လည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၈၀၀၀၀၀) ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်လေးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၈၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၃၂၅၂၃၃၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

ဇွန် ၂၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ ဇက်ဆိပ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ကမ်းသာယာလမ်း ကြက်ဒိုင်ဆိပ်အနီး၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်းလေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၃၉၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၆၇၄၂၄) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပန်းဘဲတန်းမြို့နယ် အမှတ်(၄) ရပ်ကွက် (၂၈)လမ်းရှိ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်နှစ်ဆိုင်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၆၅၀၀၀၀ နှင့် တောင်ဒဂုံစက်မှုဇုန်(၁) (၂၃)ရပ်ကွက် ယောက်ကော်လမ်းနှင့် ပဲခူးလမ်းထောင့် အမှတ်(၁၃၈/၁၃၉)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၃၉၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တိုက်ကြီးမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ်တန် ၁ ဒသမ ၈၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၂၀၅၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ၇၅ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးမြို့ ၆၈ လမ်းနှင့် ၁၁၆ လမ်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mazda Bongo တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂၄၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၆ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ် ရှစ်စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်အစီး ၃၀ ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၆ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၁၆၈၄၇၅၉ ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိက အဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ယင်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ကြံခင်းမြို့နယ်၌ မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**ကြံခင်း ဇွန် ၂၇**

မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကြံခင်းမြို့နယ် ဘက်ရဲမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ တေဇခန်းမ၌ ကျင်းပသည်။



အခမ်းအနားကို မြို့နယ်ပညာရေးမှူး ဒေါ်ဌေးဌေးနှင့် မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကိုတို့က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကြည်စိုးက မှုခင်းကျဆင်းရေးနှင့်ပတ်သက်၍ ဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ခံစားရသော စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ရောဂါများ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များ၊ ကျောင်းသားကျောင်းသူများက သတိပြုလိုက်နာသင့်သည့်အချက်များ၊ စာဖတ်ရှိန်နှင့် လူငယ်ကဏ္ဍမြှင့်တင်ရေး အကြောင်းအရာများကို ဟောပြောသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

မူးယစ်ဆန့်ကျင် အောင်ပွဲဝင်၊ ရှောင်လေဝေးဝေး မူးယစ်ဆေး။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၇**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

❖ *ကျောဖုံးမှ*

PS Star အသင်းကို ငါးဂိုး-နှစ်ဂိုး၊ ULAD အသင်းက King Cobra အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ကြယ်စင်လင်းအသင်းနှင့် PS Star အသင်းပွဲတွင် PS Star အသင်းသည် နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးများသွင်းယူနိုင်သလို ပထမပိုင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီးမှ ဒုတိယပိုင်းတွင် ကြယ်စင်လင်းအသင်းက လေးဂိုးပြန်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ULAD အသင်းနှင့် King Cobra အသင်းပွဲတွင် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသော်လည်း ULAD အသင်းက ဒုတိယပိုင်း သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

## မိခင်အမည်မှန်

ရေဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၊ အထက မလက်တိုကျောင်း GRADE-12 တွင် ပညာသင်ကြားနေသော မသိမ့်သိမ့်သူ၏ မိခင်အမည်မှန်မှာ ဒေါ်မိမာ ၁၄/မအပ (နိုင်)၃၀၅၀၃၆ ဖြစ်ပါကြောင်း။

ဒေါ်မိမာ
၁၄/မအပ(နိုင်)၃၀၅၀၃၆

## မိခင်အမည်မှန်၊ မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ ဈေးတန်း(၉)ရပ်ကွက်နေ မောင်ဇေယျာမင်းခန့်၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၁၂-၂၀၂၀ဖြစ်ပြီး ၎င်း၏မိခင် ဒေါ်ရွှေရည်နန္ဒ၏ အမည်မှန်မှာ ဒေါ်ရွှေရည်နန္ဒာ ၁၀/ကထန(နိုင်) ၁၄၅၁၁၃ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၇၂-A)၊ ကွင်းအမည် (ကျောင်းကုန်း-မြောက်)၊ ဦးပိုင်အမှတ် (L-၇၃) မြေအမျိုးအစားနှင့် အကျယ်အဝန်း (လ/န)(၃၉)အိမ်ရာ မြေ၊ ဧရိယာ (၀.၀၅၅)ဧက အမည်ပေါက် ဦးအေးလှိုင်အမည်ဖြင့်ရှိသော မြေကွက်ကို အရပ်အဆက်စပ်စာချုပ်များဖြင့် ဒေါ်ခင်မာလာမြင့် ၁၂/ပဘတ (နိုင်)၀၀၁၈၃၅မှ ဝယ်ယူပိုင်ဆိုင်၍ ရောင်းချရန် ကမ်းလှမ်းရာတွင် ဦးကျော်ဇင်လတ် ၁၂/သကတ (နိုင်)၁၈၅၄၇၂မှ ဝယ်ယူရန် သဘောတူညီပါသဖြင့် (၂၆-၆-၂၀၂၅) ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေခဲ့ပြီးဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဇင်လတ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိလတ်ဖြိုး အထက်တန်းရှေ့နေ(စဉ်-၃၀၈၀၇)**
**ဖုန်း-၀၉-၄၃၀၇၃၃၁၈၊ ၀၉-၅၀၉၃၃၁၄**

## အမည်မှန်နှင့် လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ (၃)ရပ်ကွက်၊ အင်းတိုင်နေ ဦးသန့်ဇော်ထူး ၁၂/မဘန(နိုင်)၀၉၆၃၁၁၏ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ရှိ အမည်မှာ ဦးသန့်ဇော်ထူးဖြစ်ပြီး SMART CARD တွင် ဦးသန်းဇော်ထူးဟု မှားယွင်းဖော်ပြခဲ့သဖြင့် အမည်(၂)မျိုးဖြစ်နေပါသည်။ အမည်မှန်နှင့် လူပုဂ္ဂိုလ်တစ်ဦးတည်းမှာ ဦးသန့်ဇော်ထူးသာ ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## ဖခင်အမည်မှန်

လှိုင်သာယာ(အနောက်)မြို့နယ်၊ SMEC ကိုယ်ပိုင်အထက်တန်းကျောင်း G-10 မှ မအိမ့်ချစ်ခွန်းချို၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင်မျိုး ၁၂/တတန(နိုင်) ၁၂၁၅၈၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ချောင်းသာမြို့၊ အခြေခံပညာ အထက်တန်းကျောင်း Grade- 12 တွင် ပညာသင်ကြားနေသော မောင်ကျော်ဇင်၏ ဖခင်အမည်မှန်မှာ ဦးကျော်မိုး ဖြစ်ပါကြောင်း။

ဦးကျော်မိုး

## ဖခင်အမည်မှန်

ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ချောင်းသာမြို့၊ အခြေခံပညာအထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မောင်ချစ်မင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးမောင်အေးဖြစ်ပါကြောင်း။

ဦးမောင်အေး

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ဘိုးတော်ဘုရား၊ ဦးပိုင်အမှတ်(၁၁)၊ ဧရိယာ(၀.၀၇၃)ဧကကို အမည်ပေါက် ဦးမင်းဦး(ပါ)၆ဦး (ဦးမင်းဦး၊ ဦးမင်းလွင်၊ ဒေါ်သီသီခိုင်၊ဒေါ်မိုးစီစီ၊ ဦးမင်းသူ၊ ဦးကျော်ကိုကိုထက်)(တရားရုံး)ကိုယ်စား ဥတ္တရခရိုင်တရားရုံး၏ ဘီလစ်ဖြစ်သူ ဒေါ်မျိုးမမ(ဘ)ဦးခင်ဝင်း ၉/ပမန(နိုင်)၂၃၈၁၀၉၂မှ မြေငှားစာချုပ်၊ ဥတ္တရခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်(၁၉/၂၀၂၃)၊ တရားမဇာရီမှု အမှတ် ၁၂/၂၀၂၄၊ နိုင်ငံသားစိစစ်ရေးကတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဦးဇော်လွင်(ဘ) ဦးသြဘာ ၉/ရမသ(နိုင်)၀၈၅၇၁၄နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ် ၁၂၆၃၊ မြေကွက်တည်နေရာအမှတ် ၁၂၆၃၊ ဗိုလ်ချုပ်လမ်း၊ ၃၇ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးကျော်လှိုင်) CA-024473 အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဦးကျော်လှိုင်(ဖခင်)နှင့် ဒေါ်သိန်းညွန့်(မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်ချိုမာလှိုင် (၁၂/လမတ(နိုင်)၀၀၀၀၁၂)မှ သားသမီးအဖြစ် ၎င်းတစ်ဦးတည်းသာ မွေးဖွားခဲ့ကြောင်း၊ အခြားသော သားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ၎င်းတစ်ဦးတည်းသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ် (၆၀) မြေငှားစာချုပ်(ဂရန်)တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ဦးအောင်ကိုဝင်း၏သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ LCEC ကိုယ်ပိုင်အထက်တန်းကျောင်း Grade-2 မှ မောင်ခန့်ကိုကိုဟိန်းအား မောင်ဟိန်းတေဇသျှံဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဟိန်းတေဇသျှံ

## အမည်ပြောင်း

အထက်မင်းလှမြို့နယ်နေ (ဘ) ဦးအောင်ဇော်ဝင်း ၈/မလန(နိုင်) ၀၈၆၆၅၉ ၏သမီး အလက (ရွာသာယာ) Grade-5 မှ မဆောင်းသခင်ဇော်အား မဇူးအိန္ဒြေဇော် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မဇူးအိန္ဒြေဇော်

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ ဦးရွှေဖံအောင်လမ်းနှင့် မြတ်သီရိလမ်းထောင့်၊ မြေကွက်အမှတ် (၄၃၃)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်သန္တာအောင် (ခ) လောင်ရှေဖင် (၁၃/လရန (နိုင်) ၀၅၁၃၁၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအေးမင်း (၁၃/ရစန (နိုင်) ၀၀၄၃၈၂) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီးတောင်တွင်းကြီးမြို့အုန်းတော(၂)ရပ်ကွက်အပိုင်း(၄)နေ(ဘ)ဦးအောင်ကျော်ဦး ၈/တတက (နိုင်)၀၀၉၅၉၉၏သမီးမခိုင်သန္တာငြိမ်း ၈/တတက(နိုင်)၁၅၂၇၁၅သည် ဖခင်ကြီးဆုံးမမှုကိုနာခံခြင်းမရှိပဲဖခင်ကြီးနှင့်မိသားစုများအား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် မခိုင်သန္တာငြိမ်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကိုဖခင်မှ(လုံး၀)(လုံး၀) တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဖခင် ဦးအောင်ကျော်ဦး

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 59W/32293,Honda Click-125 ယာဉ်လက်ဝယ်ရှိသူ မေဇင်မွန် ၁၄/ဟသတ(နိုင်) ၂၉၂၂၈၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 55W/85989, TOYOMAX-110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသန်းဦး ၁၄/ဇလန(နိုင်) ၀၈၉၄၉၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၀/မစိုးရိမ်အနောက်၊ ဦးပိုင်အမှတ်(၅၇က)၊ ဧရိယာ(၀.၁၅၁)ဧကရှိ ဒေါ်သင်းလှိုင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ရီရီမာ(ခ)ဒေါ်ရင်နု ၁၂/ဗဟန(နိုင်) ၀၄၀၆၈၁မှ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်အမှတ်(၅၂/၁၉၉၅)၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံ ဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံမြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၉၀၃၇၀, HONDA RSX-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မေရီ ၉/ပမန(နိုင်) ၀၁၆၈၁၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၄၈၉၆၃, Toyota -110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဝင်း ၁၂/အစန(နိုင်) ၁၉၅၃၃၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂၄/မင်္ဂလာ၊ ဦးပိုင်အမှတ် (၄၃ဃ)၊ ဧရိယာ(၀.၀၂၂)ဧကရှိ ဦးတင်မောင်(ပါ )၂-ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးမြင့်သိန်း ၉/ပမန(နိုင်)၀၀၈၀၉၂ မှ ပိုင်ဆိုင်ကြောင်း ကတိသစ္စာပြုလွှာအမှတ် (၀၈၆/၂၀၂၅)၊ သေဆုံးကြောင်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ မင်းကြီးဆွေရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်- ၄/ရဝေရှင်ထွေးအရှေ့၊ ဦးပိုင်အမှတ်(၁၃၃)၊ ဧရိယာ(၀.၁၂၄)ဧကရှိ မြေအား ဦးထွန်းထွန်းဝင်းမှ မြေငှားဂရန် လာရောက်လျှောက်ထားလာပါသောကြောင့် ကန့်ကွက်လိုသူများအနေဖြင့် ခိုင်မာသည့်အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၁၀၀၈၉, Luojia -110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်သော် ၁၄/ကကန(နိုင်) ၀၈၆၁၀၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/75711,HONDA WAVE-110 ယာဉ်လက်ဝယ်ရှိသူ ဦးလပြည့် ၁၄/ဖပန(နိုင်) ၂၆၆၅၄၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 71W/36695, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူနိုင် ၁၄/ဟသတ(နိုင်)၃၅၂၁၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 81W/42041, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးသူဇာ ၁၄/မအန(နိုင်) ၂၂၂၇၅၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ မင်းကြီးဆွေရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် ၃/ကျောင်းလမ်း၊ ဦးပိုင်အမှတ်(၁၉၁)၊ ဧရိယာ(၀.၁၂၄)ဧကရှိ မြေအား ဒေါ်မေရီမှ မြေငှားဂရန် လာရောက်လျှောက်ထားလာပါသောကြောင့် ကန့်ကွက်လိုသူများအနေဖြင့် ခိုင်မာသည့် အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ (၁၅) ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မိုးဇာရပ်၊ ပုဏ္ဏားစုရပ်တွင်ရှိသော ကွင်းအမှတ်- ၅ (ပုဏ္ဏားစု)၊ ဦးပိုင် အမှတ်- ဃ-၂၊ ဦးသန်းဖေ၊ ဦးကျော်ငွေး အမည်ပေါက်ဘိုးဘွားပိုင် ဝိုင်းမြေကွက်ဖြစ်သော ဧရိယာ (၀.၀၆၆)ဧက အကျယ်အဝန်းရှိသော ဝိုင်းမြေအတွင်းမှ အရှေ့မှအနောက်သို့ (၅၂)ပေ၊ တောင်မှမြောက်သို့ (၅၅)ပေ၊ အကျယ်အဝန်းရှိသောဝိုင်းမြေကွက်မှာ အဒေါ်ဖြစ်သူ သီလရှင်ဆရာကြီး ဒေါ်ခေမာမှ တူဖြစ်သော ဦးတင်စိုးသန်းနှင့် ဒေါ်စန်းစန်းနွယ်တို့အား အမွေအဖြစ် အပြီးအပိုင်ပေးအပ်ခဲ့သော ဝိုင်းမြေကွက်ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းနွယ်(ဘ)ဦးထွန်းရွှေ ၅/စကန(နိုင်) ၀၅၇၀၆၈ စစ်ကိုင်းမြို့၊ သောတာပန်ရပ်နေသူမှာ ဦးတင်စိုးသန်းနှင့် တရားဝင်ကွာရှင်းခြင်း မရှိသေးမီ ဦးတင်စိုးသန်းမှာ အထက်တွင်ဖော်ပြထားသော ဝိုင်းမြေကွက်အတွင်းမှ အရှေ့ဘက်ပိုင်းဖြစ်သော အရှေ့အနောက် (၁၃)ပေ တောင်မြောက် (၅၅)ပေ အကျယ်အဝန်းရှိသော ဝိုင်းမြေကွက်အား ၎င်း၏အမွေဝေစုအဖြစ် ခွဲဝေရယူခဲ့ပြီး ကျန်ရှိနေသော အရှေ့အနောက် (၃၉)ပေ၊ တောင်မြောက် (၅၅)ပေအကျယ်အဝန်းရှိသော ဝိုင်းမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းနွယ်နှင့် သား(၃)ယောက်ဖြစ်သူတို့ကသာ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေသဘောတူသိရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ ပြုလုပ်ခွင့်မရှိ ကြောင်းနှင့် ယင်းကဲ့သို့ပြုလုပ်မှုများဖြစ်ပေါ်လာပါက ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းနွယ်က ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ သဘောတူညီချက်တစ်စုံတစ်ရာမပါဘဲ ပြုလုပ်ဆောင်ရွက်မှုများရှိပါက ကန့်ကွက်ပါကြောင်းနှင့် ပြဿနာအရှုပ်အရှင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းနွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာဇာမင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၁၈)**
**နယ်မြေ-၅၊ မိုးဇာရပ်၊ စစ်ကိုင်းမြို့၊ ဖုန်း-၀၉ -၄၀၀၄၆၃၄၀၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/51655, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပန်းဝတ်မှုန် ၁၄/ပသန(နိုင်) ၂၂၈၈၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/7215, Yamaha RIS 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇော်ထက် ၁၄/ကကထ(နိုင်) ၁၉၉၉၁၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/75688, Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးငြိမ်းအောင် ၁၄/ဖပန(နိုင်) ၁၅၃၄၉၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6R/8008, LEXUS LX 570, S/W(4X4)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းအေးဖုန်း ၁၃/တယန(နိုင်)၀၇၈၀၂၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ သဝန်ငယ်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် ၄/အားကစားကွင်းတောင်၊ ဦးပိုင်အမှတ်(၇၀)၊ ဧရိယာ(၀.၁၂၄) ဧကရှိ မြေအား ဒေါ်စိုးစိုးမှ မြေငှားဂရန် လာရောက်လျှောက်ထားလာပါသောကြောင့် ကန့်ကွက်လိုသူများအနေဖြင့် ခိုင်မာသည့် အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍(၁၅)ရက်အတွင်း ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ပြည်ထောင်စုဝန်ကြီးရုံး
## အိတ်ဖွင့်စုပေါင်းတင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရှိ ဦးစီးဌာန/လုပ်ငန်း/ကော်ပိုရေးရှင်း အသီးသီးအတွက် အောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာနှင့် ရုံးသုံးအခြား ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုမည်ဖြစ်ပါသည်–

| စဉ် | တင်ဒါအမှတ် | အကြောင်းအရာ |
|---|---|---|
| က | 1(T)/MOEP/25–26 | လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် အသုံးပြုရန် MOEP Data Center Protection and Management System ဆောင်ရွက်ခြင်းလုပ်ငန်း။ |
| ခ | 2(T)/MOEP/25–26 | လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် အသုံးပြုရန် Network Upgrading and Monitoring System ဆောင်ရွက်ခြင်းလုပ်ငန်း။ |
| ဂ | 3(T)/MOEP/25–26 | Desktop Computer နှင့် Laptop Computer များဝယ်ယူရန်။ |
| ဃ | 4(T)/MOEP/25–26 | Printer နှင့် ငွေရေစက်များ ဝယ်ယူရန်။ |
| င | 5(T)/MOEP/25–26 | Copier များ ဝယ်ယူရန်။ |
| စ | 6(T)/MOEP/25–26 | စားပွဲ၊ ကုလားထိုင်၊ ဖိုင်တင်စင်၊ မီးခံသေတ္တာ၊ Cabinet နှင့် သံဗီရိုများ ဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား တင်ဒါပိတ်ရက် (၁၁–၇–၂၀၂၅)ရက် (၁၃:၀၀)နာရီ အချိန်တွင် လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ လူကိုယ်တိုင်လာရောက် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင် ကြော်ငြာသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web–Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း–၀၆၇–၃၄၁၀၂၀၉ ၊ ၀၆၇–၃၄၁၀၂၈၂**

---

## ဒီကရီကိုအတည်ပြုရန် အမိန့် မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၇ နှင့်ဆက်နွယ်သည့် ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် –၆၁

ဒေါ်လီဘီအင်(ခ)ချိုချိုရီ **တရားနိုင်** နှင့် တပ်ကြပ်ကြီးထွန်းဝေ **တရားရှုံး**

ရှမ်းကျောင်းလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ အေးသာယာမြို့နေသူ တရားရှုံး တပ်ကြပ်ကြီး ထွန်းဝေ(ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၂၄ခုနှစ်၊ တရားမကြီးမှု အမှတ်–၁၂၇တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဒေါ်လီဘီအင်(ခ) ချိုချိုရီက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုစေရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော် အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စား လှယ်ဖြင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဇူလိုင်လ၈ရက်(၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း၁၄ရက်) မွန်းမတည့်မီ(၁၀း၀၀)နာရီတွင် ဤရုံးတော်သို့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းအေးမြသီရိ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄/မင်္ဂလာ၊ ဦးပိုင်အမှတ် (၃၂)၊ ဧရိယာ (၀.၀၆၇)ဧကရှိ ဦးချစ်(ပါ)၂ ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးမင်းဇော် ၁၂/ဗတထ(နိုင်)၀၁၈၄၁၁ (ပါ) ၄–ဦး (ဦးမင်းဇော်၊ ဦးဝေလွင်၊ ဒေါ်စမ်းစမ်းစိုး၊ ဒေါ်စိုးစိုးသွင်) တို့မှ အမွေစားအမွေခံကိတ္တိမသမီးအဖြစ် မွေးစားခြင်းမှတ်ပုံတင်စာချုပ်အမှတ်(၅/၁၉၉၁) မိတ္တူမှန်)၊ အမွေစားအမွေခံကိတ္တိမသားအဖြစ် မွေးစားခြင်းမှတ်ပုံတင်စာချုပ်အမှတ် (၁၄၄/၂၀၀၅)၊ပိုင်ဆိုင်ကြောင်းကတိသစ္စာပြုလွှာအမှတ် (၀၈၃/၂၀၂၅)၊ သေဆုံးကြောင်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/ B)၊ သမာဓိ(၁)လမ်း၊ မြေကွက်အမှတ် (၃၉၉)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးစိုးမြင့် (AC- ၀၆၃၁၉၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ် ရသေးသော (လမ်းထောင့်ဘက်ခြမ်း) (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမင်းဆွေ (၁၂/ဒဂန (နိုင်) ၀၂၆၆၇၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)

**ဦးပြည့်ဖြိုးအောင်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၁)၊ မြေကွက်အမှတ် ၉၅၃၊ (အလျား ၄၀ပေX အနံ ၆၀) အကျယ်ရှိ ဒေါ်တင်လှ ၁၁/တကန(နိုင်)၀၀၄၄၇၀အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်၉၅၃၊ သဇင်လမ်း၊ (၁၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားကြောင်း မိမိတစ်ဦးတည်းလက်ရှိထား ပိုင်ဆိုင်လျက်ရှိကြောင်း၊ အခြားသူတစ်ဦးတစ်ယောက်ထံသို့ ရောင်းချထားခြင်း၊ ပေါင်းနှံထားခြင်း ပေးကမ်းခြင်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံတင်သွင်းထားခြင်း၊ အမှုရင်ဆိုင်ဖြေရှင်းနေရခြင်း၊ အစိုးရဌာန တစ်ခုခုမှ တားမြစ် ပိတ်ပင်ခံထားရခြင်း အမွေစားအမွေခံစသည့် အရှုပ်အရှင်းမရှိ မိမိတစ်ဦးတည်းသာလျှင် စီမံခန့်ခွဲ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်လှလှမြင့် ၇/ညလပ(နိုင်)၀၉၁၀၅၅ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးဝင်း ၁၂/မရက(နိုင်) ၁၁၄၄၉၉မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူမည်ဖြစ်သဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်း အဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**
**ဒေါ်မြသီတာအောင် LL.B တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၇၅၁)**
**အမှတ် (၂၀၈)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၂၅၀၀၂၁၇၇၂၊ ၀၉–၇၉၉၂၅၈၂၀၂**

---

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက ကြာပန်းကျောင်း၊ Grade–10(A)မှ မဇင်ပြည့်ပြည့်ဖြိုးနှင့် Grade–7(A)မှ မောင်ရန်နိုင်ဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးဖိုးငို ၁၀/သထန(နိုင်)၁၈၁၉၄၇ ဖြစ်ပါကြောင်း၊

**ဦးဖိုးငို**
**၁၀/သထန(နိုင်)၁၈၁၉၄၇**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပခုက္ကူမြို့နယ်၊ အရာတော်ရေနံကျေးရွာနေ မဆုနန္ဒာမောင်မောင်၏ မိခင် ဒေါ်ခင်သန္တာစိုး(ခ) ဒေါ်သန္တာစိုး ၈/ ပခက(နိုင်) ၁၆၅၅၉၃ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ခင်သန္တာစိုး(ခ) ဒေါ်သန္တာစိုး**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

မုဒုံမြို့နယ်၊ ကျိုက္ကာကျေးရွာ၊ အထက (တံခွန်တိုင်) – G–10 မှ မနှင်းဆန်းပွင့်ဖြူနှင့် အမက (ကျိုက္ကာ) KG တန်းမှ မအိထက်ထက်ကျော် တို့၏ ဖခင် ဦးပိုးရယ် (ခ) ဦးဆန်းဝင်း ၂/လကန(နိုင်)၀၀၅၇၇၄ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးပိုးရယ် (ခ) ဦးဆန်းဝင်း**

---

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ရန်ကျိန်းခန်း (ဘ)ဦးလောင်ဖူး၁၃/ လရန(နိုင်) ၂၄၃၄၁၉၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

**ဖုန်း–၀၉–၇၇၇၇၇၂၉၉၅**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်းလှမြို့နယ်၊ တပ်ကုန်းကျေးရွာနေ မဆောင်းနှင်းမွန်၏ ဖခင် ဦးငြိမ်းစိုး(ခ) ဦးညိမ်းစိုး ၅/ကလန(နိုင်)၁၁၄၆၂၃မှာ တစ်ဦး တည်း ဖြစ်ပါကြောင်း။

**ဦးငြိမ်းစိုး(ခ)ဦးညိမ်းစိုး**

---

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ SMEC ကိုယ်ပိုင်အထက်တန်းကျောင်း ၂၀၂၅–၂၀၂၆ ပညာသင်နှစ် Grade–6မှ (ဘ) ဦးဇော်လင်းဦး ၁၄/မအပ(နိုင်)၁၅၇၀၅၁၏ သမီး မအိဖြူရှင်းသန့်၏ မွေးသက္ကရာဇ် အမှန်မှာ ၂၅–၁၁–၂၀၁၂ ဖြစ်ပါ ကြောင်း။

---

## ပတ်စ်ပို့ပျောက်

ကျွန်မ မလီမေရှန်း (ဘ)ဦးလီလောက်စန်း ၁၃/လရန(နိုင်) ၂၄၂၆၁၂၏ နိုင်ငံကူးလက်မှတ်အမှတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

**ဖုန်း–၀၉–၇၇၇၇၇၂၉၉၅**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုင်းခတ်မြို့၊ ဝမ်မိုင်ကျေးရွာနေ မဝုန်းရှမ်းကီ၏ ဖခင် ဦးကံစွမ်းပေါင်(ခ) ဦးကပ်ဆွင်းပေါင် ၁၃/မခန(နိုင်) ၀၁၉၄၆၄နှင့် မိခင်ဒေါ်ဟောင်နီမာန်(ခ) ဒေါ်ဟောက်နီမန် ၄/တတန(နိုင်) ၀၄၆၂၆၂ တို့မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက်၊ ရပ်(၁၀)ဇာတ်ရုံရပ်၊ ဦးပိုင်အမှတ်(၆၆က)၊ မြေကွက်အမှတ်(၃၈A)၊ ဧရိယာ(၀.၀၄၂၆)ဧကကို ဒေါ်မေမြတ်လွင် အမည်ဖြင့် အမည်ပြောင်း သက်တမ်းတိုး၊ မြေငှားဂရန် လျှောက်ထား မြေ အရှေ့ဘက်တွင်– အစိုးရမြေလပ်၊ တောင်ဘက်တွင်–ကြားလမ်း၊ မြောက်ဘက်တွင်– ဦးပိုင်အမှတ်(၆၆ခ)နှင့် အနောက်ဘက်တွင်– လမ်းသစ်လမ်းတည်ရှိပြီး ကန့်ကွက် လိုပါက (၁၁–၇–၂၀၂၅)ရက်မတိုင်မီ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အမည်ပြောင်း၊ သက်တမ်းတိုး၊ မြေငှားဂရန် ခွင့်ပြုပေး မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ညောင်လေးပင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ညောင်လေးပင်မြို့၊ မြို့မ(၂) ရပ်ကွက်၊ ရပ်(၁၀)ဇာတ်ရုံရပ်၊ ဦးပိုင် အမှတ်(၆၆ခ)၊ မြေကွက်ဧရိယာ(၀.၀၄၂၇) ကေကို ဒေါ်နွယ်အမည်ဖြင့် အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားမြေ အရှေ့ဘက်တွင်– အစိုးရ မြေလပ်၊ တောင်ဘက်တွင်–ဦးပိုင်အမှတ်(၆၆က)၊ မြောက်ဘက်တွင်–ဦးပိုင် အမှတ်(၆၅)နှင့် အနောက်ဘက်တွင်–လမ်းသစ်လမ်း တည်ရှိပြီး ကန့်ကွက် လိုပါက(၁၁–၇–၂၀၂၅)ရက်မတိုင်မီ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန် ခွင့်ပြုပေးမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ညောင်လေးပင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ချစ်တီးကုန်း ရပ်ကွက်နေ (ဘ) ဦးစန်းမြင့်၏သား ဦးကျော်ဇင်၏ အမည်မှန်မှာ ဦးကျော်ဇင်ဦး ၁၂/ဒဂဆ(နိုင်) ၀၁၂၈၂၃ ဖြစ်ပါကြောင်းနှင့် မွေး သက္ကရာဇ်အမှန်မှာ ၆–၃–၁၉၉၅ ဖြစ်ပါကြောင်း။

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀.၁၁၀ဧကရှိ ဦးသက်လွင်ဦး ၁၂/မဂတ (နိုင်)၀၇၄၀၄၀ (ဘ)ဦးကျော်ဇင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက် အမှတ်(ပ–၂၀၄၇၅)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူး ကိုယ်စားလှယ်လွှဲစာအမှတ် ၃၀၅/၂၀၂၂(၂၄–၁–၂၀၂၂)ဖြင့် မြေကွက်အမည် ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးကိုကိုမင်း ၁၂/မဂဒ(နိုင်) ၀၅၄၃၉၁(ဘ)ဦးလှမြင့်မှ ဦးသာအောင်ဌေး ၅/ခဥတ(နိုင်)၀၆၃၀၉၀နှင့် အရောင်း အဝယ်ချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြေငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁၊ မြေကွက် အမှတ် ၉၇၊ မြေကွက်တည်နေရာ အမှတ် ၉၇၊ ဥဿဖုရားလမ်း၊ (၂၁)ရပ်ကွက်၊ ဒဂုံတောင် ဦးမျိုးဝင်း ၁၂/မဂတ(နိုင်)၀၁၇၈၅၆ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်အမည်ပေါက် ဦးမျိုးဝင်းခင်ပွန်းသည် ၁၂–၁၀–၂၀၀၇ရက်တွင် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်မြဝင်းကြည် ၁၂/မဂတ(နိုင်)၀၁၇၈၄၃မှ တရားဝင် အမွေဆက်ခံခွင့်ရှိသူ ဇနီးဖြစ်ကြောင်း၊ အခြားသောဇနီး/မယား တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တစ်ဦး တည်းသောဇနီးဖြစ်သူ မိမိကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန် လွှာအမှတ် ၅/၁၅၃၂/၂၀၂၅၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ် မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာ(၁)ထပ်သွပ်မိုးအိမ်(၂)လုံး ကိုယ်တိုင်နှင့် သားဖြစ်သူနေပြီး ဒေါ်မြဝင်းကြည်မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ၎င်း၏အလုပ်သမား ပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ မင်းကြီးဆွေရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်– ၃/ကျောင်းလမ်း၊ ဦးပိုင် အမှတ်(၃၀၁)၊ ဧရိယာ(၀.၁၂၄)ဧကရှိ မြေအား ဦးဇော်ဝင်းတင်မှ မြေငှားဂရန် လာရောက်လျှောက်ထားလာပါသော ကြောင့် ကန့်ကွက်လိုသူများအနေဖြင့် ခိုင်မာသည့် အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန် သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ မင်းကြီးဆွေရပ်ကွက်၊ အကွက်အမှတ် နှင့်အမည်– ၃/ကျောင်းလမ်း၊ ဦးပိုင် အမှတ်(၃၀၀)၊ ဧရိယာ(၀.၁၂၄)ဧကရှိ မြေအား ဦးဇော်ဝင်းတင်မှ မြေငှားဂရန် လာရောက်လျှောက်ထားလာပါသော ကြောင့် ကန့်ကွက်လိုသူများအနေဖြင့် ခိုင်မာသည့် အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍(၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန် သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/89678, Honda Alpha 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာအောင် ၂/လကန(နိုင်) ၀၇၇၀၀၇ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး**
**(လွိုင်ကော်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/56850, TVS WEGO 110, M/C ယာဉ်လက်ဝယ် ရှိသူ ဦးရဲမိုးဆွေ ၁၄/မမန(နိုင်) ၀၀၂၅၁၀ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 24W/41289 ယာဉ် လက်ဝယ်ရှိသူ ဦးအောင်မျိုးသူ ၅/ စကန(နိုင်)၁၈၈၅၁၇ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြင်းခြံ)**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ နတ်သျှင်နောင်ရပ်ကွက်၊ အကွက် အမှတ်နှင့်အမည်–၇/ပန်းတိုင်၊ ဦးပိုင် အမှတ်(၄၃/2231)၊ ဧရိယာ(၀.၀၅၅) ဧကရှိမြေအား ဦးတင်ဝင်းမှ မြေငှားဂရန် လာရောက် လျှောက်ထားလာပါသော ကြောင့် ကန့်ကွက်လိုသူများ အနေဖြင့် ခိုင်မာသည့် အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ် ရက်ကျော်လွန် သည်အထိ ကန့်ကွက်ခြင်း မရှိပါက လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ နတ်သျှင်နောင်ရပ်ကွက်၊ အကွက်အမှတ် နှင့် အမည်–၁/တောင်သလဲတောင်၊ ဦးပိုင်အမှတ် (၁၃၅/2328)၊ ဧရိယာ (၀.၀၅၅)ဧကရှိမြေအား ဒေါ်စန်းဝင်းမှ မြေငှားဂရန် လာရောက်လျှောက်ထား လာပါသောကြောင့် ကန့်ကွက်လိုသူများ အနေဖြင့် ခိုင်မာသည့်အထောက်အထား များတင်ပြပြီး ယနေ့မှစ၍ (၁၅)ရက် အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော် လွန်သည်အထိ ကန့်ကွက်ခြင်းမရှိ ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2D/8674, Toyota Mark II GX110, Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင် ကျော်သူ ၉/ပမန(နိုင်)၁၉၂၁၁၅ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၁၂၂၈၇,Hanbo, C21–125 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွန်း ၁၃/မပဘ(နိုင်) ၀၃၂၃၅၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/83646, Subo 125 ယာဉ်လက်ဝယ်ရှိသူ နန်းအိအိဖူး လှိုင် ၂/ရတန(နိုင်)၀၀၆၆၅၇ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး**
**(လွိုင်ကော်)**

## လေလံလျှောက်လွှာခေါ်ယူခြင်း

ရေကြည်မြို့၊ အောင်ဆန်းရပ်ကွက်၊ အောင်ဆန်းလမ်းထောင့်ရှိ မြို့နယ်သမဝါယမအသင်းစုပိုင် (အလျား x အနံ x အမြင့်) (၁၂၀'x ၆၀'x ၁၈')မြေပေါ်ရှိ တည်းခိုခန်း(၂)ထပ်အဆောက်အအုံကို အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်–

**ဆက်သွယ်ရန်ဖုန်း** – ၀၉-၄၅၆၉၀၁၉၀၉၊ ၀၉-၄၂၂၄၈၉၉၈၅၊ ၀၉-၆၇၉၆၄၉၄၄၄

**လေလံလျှောက်လွှာ စတင်ရောင်းချမည့်ရက်** – (၂၇-၆-၂၀၂၅)ရက်မှ(၁-၇-၂၀၂၅)ရက်အထိ

**လေလံပိတ်သိမ်းမည့် ရက်/အချိန်** – (၂-၇-၂၀၂၅)ရက်၊ ညနေ(၁၆:၀၀)နာရီ

**လေလံဖွင့်ဖောက်မည့် ရက်/အချိန်** – (၃-၇-၂၀၂၅)ရက်၊ နံနက်(၁၀:၀၀)နာရီ

**လေလံထုခွဲရောင်းချရေးအဖွဲ့**
**ရောဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်**

## အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

ဦးရန်ခိုက်ရှင် ၁၂/မရတ(နိုင်)၁၃၆၅၂၅နှင့် ဒေါ်လော်ချုံးမေ ၁၃/လရန(နိုင်)၁၀၉၉၃၅ တို့မှ ဦးထင်ရှမ်း ၉/ ခမစ(နိုင်)၀၂၇၀၉၂ထံသို့ ရန်ကုန်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ဆောင်ရွက်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာ ၂၃၆၁၈/၁၉-၁၂-၂၀၂၂ခုနှစ်အား လုပ်ငန်းပြီးဆုံးသွားပြီဖြစ်သဖြင့် ယခုသတင်းစာ ကြော်ငြာသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ခဲ့သူ**
**ဦးရန်ခိုက်ရှင်**
**၁၂/မရတ(နိုင်)၁၃၆၅၂၅**

## ဆက်သွယ်ဆောင်ရွက်နိုင်ပါရန်

သထုံမြို့နယ်၊ ထောင်မှူးကျေးရွာအုပ်စု၊ ကွင်းအမှတ် – ၅၁၃၊ ကွင်းအမည် – တောကွင်း – ၃၊ မြေကွက်အမှတ် –(ဃ/၃၂၃)၊ မြေချိန်ဧရိယာ(၀.၂၃၀)ကေအား သထုံခရိုင်ရုံး အခွန်တော်မှုအမှတ် (၇၅/၁၉၉၀–၁၉၉၁)အရ ဦးသိန်းထိုက်အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားသော မြေနေရာအား သတ်မှတ်တန်ဖိုးငွေပေးချေ၍ဝယ်ယူပြီးဖြစ်ပါသောကြောင့် နိုင်ငံတော်သို့ သတ်မှတ်အခွန်အခများပေးဆောင်ကာ တရားဝင်အရောင်း အဝယ် စာချုပ်ချုပ်ဆိုလိုပါသဖြင့် မူလဂရန်ရှင် (သို့မဟုတ်)ထိုသူ၏တရားဝင်အမွေဆက်ခံခွင့်ရှိသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ် ဆောင်ရွက်နိုင်ပါရန်နှင့် သတ်မှတ်ကာလအတွင်း ဆက်သွယ်ဆောင်ရွက်လာခြင်းမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးအောင်မျိုးဦး(၁၀/သထန(နိုင်)၀၀၁၀၄၈)**
**အာဇာနည်လမ်း၊ အောက်ကျင်းရပ်ကွက်၊ သထုံမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြို့မ (၂)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ ကွင်းအမှတ် (၅၉၀^B-ခ^)၊ မှော်ဘီရွာမကွင်း၊ ဦးပိုင်အမှတ်(N-၃၃)ဟုခေါ်တွင်သော အလျား (၂၃/၂၄) ပေ x အနံ (၁၅၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးသက်နိုင်အေး ၁၂/မဘန(နိုင်)၀၀၀၂၄၇ က အရှုပ်အရှင်းကင်း၍ ပိုင် ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးထိုက်ဦးကျော် ၉/ခအဇ(နိုင်)၀၀၄၇၅၄ မှ အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ထို အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံ (သို့မဟုတ်) ကျွန်ုပ်၏မိတ်ဆွေထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဦးထိုက်ဦးကျော်**
**၉/ခအဇ(နိုင်)၀၀၄၇၅၄**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးစိုးသီဟ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၃၇၉)**
**အမှတ်(၁/၆၃)၊ ကြို့ပင်ကုန်းလမ်း၊ (၁) ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း-၀၉-၄၂၀၂၃၃၁၄၉**

## ကန့်ကွက်နိုင်ပါသည်

